အမှန်သိလိုသူများ ဖတ်ရှုရန်အတွက်သာ

မေတ္တာတံခွန်အသင်းကထုတ်ပြတဲ့ မိုးပြာဂိုဏ်းရဲ့
ဟောပြောချက် ၁၈ ချက် အကျယ်ရှင်းချက်ရဲ့ နိဒါန်း

ဒီအချက်တွေဟာ မိုးပြာဂိုဏ်းရဲ့ ဘယ်စာအုပ် ဘယ်နေရာကအချက်တွေလို့ ပြထားမခံရဘူး။ စာတစ်ခုဟာ သူ့စာစုထဲကအဓိပ္ပါယ်မျိုး တစ်ခုတည်းခွဲထုတ်ပြတာ ခံရတဲ့အခါမှာ အနက်မှန်မဖော်ပြနိုင်တတ်တာ အများသိကြပြီးသားပဲ။ ဒါကြောင့် ဒီဟောပြောချက်ထုတ်တဲ့အခါမှာ ထုတ်ပြသူက ဘယ်စာအုပ် ဘယ်နေရာက ဟောပြောချက်လို့ ညွှန်ပြဖို့လိုပါတယ်။

စာတစ်ခုရဲ့အဓိပ္ပါယ်ဟာ ရှေ့စာနောက်စာတွေနဲ့ကွဲနေလို့ ဆိုလိုတဲ့အချက်ကို မတွန်းပြနိုင်ရင် ဆိုလိုချက်မဟုတ်တာတွေလဲ ပေါ်ချင်ပေါ်နေနိုင်တာပဲ။ အဲဒီလိုဖြစ်ရင် သတင်းပို့တာမဖြစ်ဘဲ အတင်းပို့တာဖြစ်သွားခံရစရာရှိတယ်။ ဗုဒ္ဓဘာသာဟာ ငြိမ်းချမ်းလွတ်လပ်မှုရှေးရှုတဲ့ဘာသာပဲ။ အတင်းကိုဖြန့်ဝေမိတာဆိုရင် ဗုဒ္ဓဘာသာတို့ရည်ရွယ်ချက် ပျောက်ပျက်မှေးမှိန်ရစရာ ရှိတာပဲ။

အထုတ်ပြခံရတဲ့ ဟောပြောချက်တွေဟာ မေတ္တာတံခွန်အသင်းအနေနဲ့ နားလည်ဖို့မကောင်းလို့ ထုတ်ပြလိုက်တာလဲ ဖြစ်မှာပါပဲ။ နားလည်စရာမကောင်းတာဖြစ်တာလဲ ဟုတ်တာပဲလို့ နားလည်ပေးရမှာပဲ။ ဒီဟောပြောချက်တွေဟာ ပြုလုပ်မှုနဲ့ဖြစ်ပွားမှုရဲ့ အတိုင်း အထွာ (ကြိယာမတ္တ)အမြင်ဖြစ်တဲ့ ကမ္မဒဿန မရှိကြသူတွေ နားလည်ဖို့ အခက်အခဲရှိကြမှာတွေပဲ။

အဲဒီသူတွေက လိုလားစရာ ရှေ့ရှုရတဲ့အမြင်ဟာ ကာမဒဿနရှိသူ၊ စိတ်မကူးဖို့ရှေးရှုတဲ့အမြင် ရူပဒဿနရှိသူ၊ ဘာမှမရှိရာ ရှေးရှုတဲ့အမြင် အရူပဒဿနရှိသူတွေပဲ။ အဲဒီသူတွေက ပြုလုပ်မှုနဲ့ဖြစ်ပွားပုံဆိုင်ရာ ပမာဏ (ကြိယာမတ္တ) ရှေးရှုတဲ့ ကမ္မဒဿနမရှိကြသူတွေပဲ။

ကမ္မဒဿနမရှိကြသူတွေဆိုတာ ကံအမြင်ကွယ်နေတာခံရသူတွေဆိုတာရဲ့ နောက်အမည်တစ်မျိုးပဲ။ အဲဒီသူတွေဟာ ကိုယ့်မှာ ကံအမြင်အကွယ်ခံနေရတာလဲ သတိမူမိမနေကြပါဘူး။ သူတို့ကံမြင်နေကြတယ်လို့ ထင်နေကြတယ်။ ဘယ့်ကြောင့် ဒီလိုထင်နေရတာလဲဆိုရင် ကံကို သူတို့ ယုံကြည်သက်ဝင်နေကြသူတွေလို့ ထင်နေကြလို့ပါပဲ။

ကံမမြင်ဘဲ ကံကိုဘယ်လိုသက်ဝင်ယုံကြည်မလဲ မေးစရာပဲ။ ယုံကြည်တယ်ဆိုတာ မြင်တယ်ဆိုတာကို အပြည့်အဝ မဖြစ်ပေမယ့် မှန်းဆပြီးဖြစ်တဲ့ အဖြစ်ရဲ့အမည်ပဲ။ ကံအမှန်ကိုမမြင်သေးပေမယ့် ကံအမှန်ထိအောင် မှန်းဆမြင်နိုင်ရင်တော့ ယုံကြည်တာဟာ ကံမြင်ဖို့အကြိုဖြစ်လို့ လိုအပ်တဲ့အရာပဲ။ ကံအမှန်တွေရောက်အောင် မှန်းဆနိုင်တာမဟုတ်လို့ ကံမဟုတ်တာကို ကံလုပ်ပြီး မှန်းဆ မြင်နိုင်တာဆိုရင်တော့ ဒီယုံကြည်တယ်ဆိုတာ ယုံကြည်တာမဖြစ်ဘဲ ယုံမှားတာအဖြစ်ခံရဖို့ရှိတာပဲ။

ယုံမှားဖြစ်တာကို ယုံကြည်ဖြစ်တာလုပ်မိရင် လုပ်သူမှာ အတော်နစ်နာနိုင်ပါတယ်။ ဒီလိုမဖြစ်ဖို့ ကိုယ့်ကို ကံအယုံ ဖြစ်စေသူရဲ့ ကံအမြင်ကိုမစီစစ်ဘဲ မျက်စိမှိတ်ပြီးမနေဖို့လိုတယ်။ မိဘဖြစ်ဖြစ် ဆရာဖြစ်ဖြစ် မစီစစ်လို့မဖြစ်ဘူး။ သူတို့က ငါတို့ထက် ဘုရားနဲ့ပိုနီးတယ်လို့ သူတို့အောက်ကို လွယ်လွယ်လေးနဲ့ လျှောချမထိုင်မိဖို့ပေါ့။

သူတို့ကံမြင်ကြသူတွေလား။ ဒီလိုမဟုတ်ရင် ငါတို့လိုပဲ ကံယုံကြည်သူတွေပဲလား။ သူတို့ကို ကံယုံကြည်သူစေသူက ဘယ်သူလဲ။ သူဟာ ကံကိုဘယ်လိုမြင်သလဲ။ ကိုယ့်ကိုကံယုံစေတဲ့ ကံမြင်သူကို သေချာဃန မပြနိုင်ပေမယ့် ကံအမြင်ကတော့ မမွေးမီတွေကပြုတာတွေအတိုင်း မွေးဖွားဖြစ်ပွားနေတယ်။ မသေမီကပြုတာတွေအတိုင်း သေပြီးနောင်တွေမှာ ဖြစ်ပွားလိမ့်မယ်လို့ပဲ။

ကိုယ့်ကို ကံယုံစေတဲ့ကံမြင်သူကို ဘယ်သူလို့မပြနိုင်ပေမယ့် အဲဒီကံအမြင်ရဲ့ ပဘဝ အစ မြစ်ဖျားခံတာဟာ ဗုဒ္ဓဘုရားပဲလို့ လက်ခံနေကြမှာပဲ။ ဗုဒ္ဓဘုရားကို ကမ္မဝါဒရှိသူအဖြစ်သိနေကြလို့ ဒီလိုလက်ခံကြတာပဲ။ ဗုဒ္ဓဘုရားဟာ ကမ္မဝါဒီအစစ်ပဲ။ ဒါပေမယ့် ဗုဒ္ဓဘုရားရဲ့ကမ္မဝါဒက ကံကိုဗုဒ္ဓဘုရားနောက်ကလိုက်နေကြသူတွေက မမြင်နိုင်ကြလို့ ကံထမ်းလာတာမမြင်ရဘူး၊ လှံထမ်းလာ တာပဲ မြင်ရ တယ်လို့ ပြောကြရတဲ့အဖြစ်ရှိတယ်။

ကံကိုဘုရားရဟန္တာအရိယာများမှ မြင်နိုင်တယ်လို့လဲသူတို့ကပြောတယ်။ ဘုရားရဟန္တာအရိယာ မဟုတ်ကြသေးတဲ့ ဗုဒ္ဓဘုရားရဲ့နောက်လိုက်တွေက ဘာတွေများခြားနေကြလို့လဲ။ ဘုရားရဟန္တာအရိယာဖြစ်ကြသူတွေက ကံမြင်တဲ့ကမ္မဒဿန ရှိသူတွေဖြစ်ပြီး ကံမမြင်ကြဘဲ ကံယုံနေကြတဲ့ ဗုဒ္ဓဘုရားရဲ့နောက်ကလိုက်နေကြသူတွေက ကမ္မဒဿနမရှိကြတာတွေ ခြားတာပဲ။

ကမ္မဒဿနမရှိကြသူတွေရဲ့ ဒဿနဟာ ဘာဒဿနတွေရှိနေကြမလဲ။ လိုလားစရာအမြင် ကာမဒဿန၊ စိတ်မဝင်စား စရာတွေအမြင် ရူပဒဿန၊ ဘာမှမရှိရာအမြင် အရူပဒဿနတွေထဲက တစ်ခုခုဖြစ်တဲ့ ဒဿနတွေ ရှိနေကြသူတွေပဲ။

ကာမဒဿနရှိသူဟာ လိုလားစရာတွေမှာ အမြင်တွေကရှိတော့ လိုလားစရာအာရုံတွေကိုမြင်ပြီး လိုလားစိတ်တွေ ထကြွတယ်။ လိုလားစရာအာရုံတွေကို ရရာရကြောင်း အပြောအဆို အပြုအမူ အပြအသအနေအထိုင်တွေ လုပ်တာကြောင့် လိုလားစရာရအောင်လုပ်တဲ့ ဦးနှောက်ပိုင်ရှင်ဖြစ်တာပဲ။ ဒီလိုဦးနှောက်ရှိသူဖြစ်လို့ လိုလားစရာအမြင် ကာမဒဿနရှိသူပြန်ဖြစ်၊ ဖြစ်လို့ လိုလားစရာအာရုံတွေကိုမြင်တတ်၊ ဒီလိုနဲ့လိုလားစရာမြင်တတ်သူဟာငါပဲ၊ လိုလားရကောင်းမှန်းသိသူဟာလဲ ငါပဲ၊ လိုလားတာကိုရအောင်လုပ်သူလဲငါပဲ၊ လိုလားတာရသူလဲငါပဲ၊ အဲဒီသူဟာ လိုလားမှုဒဿနနဲ့နေတဲ့သူပဲ။

စိတ်မဝင်စားစရာအမြင်ဟာ ရူပဒဿနပဲ။ ဒီဒဿနရှိသူကလဲ အထွေထွေအဓိပ္ပါယ်ကောက်လို့မရတဲ့ အာရုံနဲ့နေရတာမှာ ကျေနပ်တယ်။ အဲဒီအာရုံမှာစိတ်ကို ကပ်ထားချင်တယ်။ အဲဒါနဲ့ဆီလျှော်တဲ့ ကိုယ်နှုတ်နှလုံးလှုပ်ရှားမှုတွေလုပ်တယ်။အထွေထွေအဓိပ္ပါယ် မထွက်အောင်နေတတ်တဲ့ ဦးနှောက်ရှိသူဖြစ်တယ်။ အဲဒါတွေဟာငါတွေပဲလို့ မှတ်ယူသူဟာ စိတ်မဝင်စားမှု ရူပဒဿနနဲ့နေတဲ့သူပဲ။

ဘာမှမရှိရာအမြင် အရူပဒဿနရှိသူကလည်း သူ့ဟာနဲ့သူ စက်လည်နေတဲ့သူပဲ။ ဘာမှမရှိရာလောက် လွတ်မြောက်တာ မရှိဘူးလို့ ကျေနပ်နေတယ်။ ဘာမှမရှိရာအမြင်ကို မြင်ချင်နေတယ်။ ဘာမှမရှိရာမြင်ဖို့ ကိုယ်နှုတ်နှလုံးတွေကို လုပ်တယ်။ ဘာမှမရှိရာကို အရောက်ခံနေရသူဖြစ်တယ်။ အဲဒီအဖြစ် အဲဒီအလုပ်နဲ့ အဲဒီအမြင်တွေဟာ ငါ့အသိ (ဦးနှောက်) ပဲလို့ မှတ်ယူသူဟာ ဘာမှမရှိရာအမြင် အရူပဒဿနရှိသူပဲ။

အဲဒီသူဟာ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ အစစတွေ လုပ်တဲ့အခါမှာ ဘာမှမရှိရာ ဘာမှမဖြစ်ရာ ဘာမှမရှိချင်ရာ ဘာမှမဖြစ်ချင်ရာတွေကို ပဓာနလုပ်ပြီး ပေးကမ်းခြင်း ဆောက်တည်ခြင်းတွေကို ဖြစ်စေတယ်။

အဲဒီဒဿနတွေဟာ သူ့ဟာသူဆို ထွက်လို့မရတဲ့ ဒဿနတွေပဲ။ ဒါကြောင့်လည်း အဲဒီတွေက မထွက်နိုင်ကြတာပဲ၊ ဒီလိုဖြစ်ပေမယ့် ကာမဒဿနကငြီးငွေ့ဖွယ်နဲ့ကြုံပြီး ငြီးငွေ့ရင် ရူပဒဿနရောက်နိုင်တာပဲ။ ရူပဒဿနကဖောက်ပြန်ရင် ကာမဒဿနလည်း ပြန်ဆင်းနိုင်တာပဲ။ ငြီးငွေ့ရင် အရူပဒဿနလည်း ပြောင်းလဲနိုင်တယ်။ အရူပဒဿနက ဖောက်ပြန်ရင် ကာမဒဿနလည်းရောက်နိုင်ပေမယ့် အဲဒီဒဿနထဲနေသူတွေဟာ ကမ္မဒဿနကိုတော့ ဆွဲတင်သူမရှိရင် မရောက်နိုင်သူတွေပါပဲ။

ကမ္မဒဿနမရှိသူက ကံကိုမမြင်တဲ့သူရဲ့နာမည်ပဲ။ ကံကိုမမြင်သူဟာ ကံကိုပဲမမြင်တာမဟုတ်ဘဲ ကံရဲ့အကျိုးကိုလည်း မမြင်သူ၊ ကံနဲ့ကံအကျိုးကိုသာမမြင်သူမဟုတ်ဘဲ ကံရဲ့အကြောင်းကိုလဲမမြင်သူပဲဖြစ်တယ်။ ဒါတွေဟာ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ကိလေသဝဋ် တွေ မမြင်သူရဲ့နာမည်ပဲ။ ဒါတွေမသိတာဟာ ဒါတွေလည်ပတ်ရာက မထွက်တတ်မှုမြဲနေတဲ့ (နိယတ) ရဲ့နာမည်ပဲ။

ကံယုံနေမှတော့ ကမ္မဝဋ်ကိုသိပါတယ် ပြောချင်ကောင်းပြောမယ်။ ကံဟာ ကောင်းတာမကောင်းတာတာတွေကို စေတနာတွေထည့်ပြီး ကိုယ်နှုတ်နှလုံးတစ်မျိုးမျိုးနဲ့ အဲဒီကံကို ကျူးလွန်စေသူကလုပ်တယ် ပြောမှာပါပဲ။ ကံဟာ လူရဲ့ကျူးလွန်မှုလို့ သိတာဟာ ကံမသိပဲ အသိလုပ်တာထင်ရှားတာပဲ။ ကံသိတာမဟုတ်တဲ့ ကံအသိကို လူတွေသိနေကြတာပဲ။ သိပေမယ့် အဲဒီကံကို မကျူးလွန်အောင်မတတ်နိုင်ကြတာဟာ သိတယ်ထင်ရတဲ့ကံရဲ့ ကံမဟုတ်တာထင်ရှားစေတာပါပဲ။ ကံသိရင် ဝိပါက်ဟာ မသိလို့မရတဲ့အရာပဲ။ ဝိပါက်ကို အထင်နဲ့မှန်းဆပြီး သိနေရတာလဲ ကံမသိတာအထင်အရှားဖြစ်တာပဲ။ ဝိပါက် အရအမိမသိတော့ ကိလေသာဟာ ဝိပါက်ကနေ ဘယ်လိုပေါက်ဖွားတယ်မသိဘဲ မွေးစဉ်ကပါလာတဲ့တရားလို့ပဲသိတာဟာလဲ ကိလေသာ မသိတာပဲ။

ပြုလုပ်မှုနဲ့ဖြစ်ပွားမှုအဖြစ်ရဲ့ ပမာဏ (ကြိယာမတ္တ) အမြင် ကမ္မဒဿနရှိတဲ့ ကမ္မဝါဒီ ဘုရားရဟန္တာအရိယာတွေဟာ ဒီတစ်လံလောက်ရှိတဲ့ ကိုယ်ကာယနဲ့စိတ်ဓါတ်တွေဟာ ဝိပါက်တွေမဟုတ်ကြဘူး၊ ဒါတွေဟာ မိဘတို့မျိုးတွေနဲ့ အစာရေစာကြောင့် ဖြစ်နေတာ တွေပဲ၊ ဝိပါက်က ဒီတစ်လံလောက်လူမှာ ကပ်ထင်ခံရတဲ့ ကံပြုမှုရဲ့ တစ်ဖြစ်လဲ အသွင်တွေပဲဖြစ်တယ်လို့ သိကြတယ်။

လူကဖြစ်စေတဲ့ အပြော အပြု အနေ ကိုယ်နှုတ်နှလုံးအမူတွေလည်း ကံတွေမဟုတ်ကြဘူး။ အမှန်တကယ်ရှိနေတဲ့ ဝန်းကျင် အာရုံအသိအရ ဒိဋ္ဌေဒိဋ္ဌမတ္တ တုန့်ပြန်မှုတွေပဲဖြစ်တယ်။ ကံကိုလူကဖြစ်စေတာမဟုတ်ဘဲ လူမှာကပ်ရောက်နေတဲ့ ကိလေသာက ဖြစ်စေတဲ့ ကိုယ် နှုတ် နှလုံးအမူတွေဖြစ်တဲ့ ကိလေသာတစ်ဖြစ်လဲအမူတွေဟာ ကံတွေပဲ။

အာရုံအထွေထွေကို အာရုံပြုပြီး လိုလားအပ်တာ မလိုလားအပ်တာအလျှောက် လိုလားတဲ့စိတ်ဓါတ် မလိုလားတဲ့စိတ်ဓါတ် အစစတွေဟာ လူရဲ့စိတ်ဓါတ်တွေပဲဖြစ်တယ်။ ကိလေသာတွေမဟုတ်ကြဘူး။ ကိလေသာဟာ လူရဲ့အသိစိတ်ဓါတ်မဟုတ်ဘူး။ လူရဲ့အသိစိတ်ဓါတ်ဟာ လူက အစစ်အမှန်အာရုံယူပြီးဖြစ်စေတဲ့စိတ်ဓါတ်ပဲ။ ကိလေသာက လူကဖြစ်စေတဲ့စိတ်ဓါတ် မဟုတ်ဘဲ ကံကြောင့်ဖြစ်တဲ့ ဝိပါက်အဖြစ်ဖြစ်တဲ့ စိတ်ဦးနှောက်ထဲက ဖြစ်တည်စွဲကျန်နေတဲ့အာရုံကဖြစ်စေတဲ့ စိတ်ဓါတ်ပဲ။ အဲဒီကိလေသာ ကိုဖြစ်စေတဲ့အာရုံဟာ လူ့လောကတကယ်ရှိတဲ့အာရုံမဟုတ်ဘူး။ ကံပြုသူရဲ့စိတ်မှာသာဖြစ်တဲ့အာရုံပဲ။ ဒါကြောင့် ကိလေသာကို ဖြစ်စေတဲ့အာရုံဟာ အရှိအာရုံမဟုတ်ဘဲ အစွဲအာရုံပဲဖြစ်တယ်။ အဲဒီအာရုံဟာ အရူးရဲ့အသိကိုဖြစ်စေတဲ့အာရုံမျိုးပဲ။ လောကမှာ တကယ်မရှိပေမဲ့ အရူးရဲ့စိတ်ဦးနှောက်ထဲမှာရှိတဲ့အာရုံပဲ။ စိတ်ဦးနှောက်မှာသာရှိပြီး လောကကြီးမှာတကယ်မရှိတဲ့အာရုံကို အာရုံပြုတာကဖြစ်စေတဲ့ အသိဟာ တကယ်သိတဲ့အသိမဟုတ်ဘူး။ မသိတဲ့အသိပဲ။ ဒီအသိဟာ လူ့အသိမဟုတ်ပါဘူး။ လူမှာ လာကပ်ပြီး လူ့အသိအယောင်ဆောင်နေတဲ့အသိပဲ။ ဒီအသိဟာ အလိုသိ အမျက်သိ အမုန်းသိ အစစတွေ ဖြစ်ချင်ဖြစ်မယ်။ ဒါတွေဟာ ကိလေသာတွေပဲ။

ဒီအသိတွေဟာ လူ့အသိမဟုတ်ဘူး။ တကယ့်လောကမှာရှိတာမဟုတ်ဘဲ စိတ်ဦးနှောက်မှာသာရှိတဲ့ ဝိပါက်အစွဲအာရုံက ဖြစ်စေလိုက်တာခံရတဲ့ အသိပဲ။ ဒါပေမဲ့ ဒီအသိဟာ အသိအလျှောက် လိုလားမှု မလိုလားမှု စတာတွေ ထကြွတာပဲ။

အသိမဟုတ်တဲ့အသိရဲ့ထကြွမှုဟာ လူ့အတွက် အနှောင့်အယှက်ဖြစ်စေတယ်။ ဒီထကြွမှုက လူ့ကိုယ်နှုတ်နှလုံးတွေကို လွန်ကျူးမှုတွေဖြစ်စေတာပဲ။ ဒီလွန်ကျူးမှုတွေဟာ လွန်ကျူးပြီးချိန်မှာ စိတ်ဦးနှောက်မှာထင်ကျန်စေပြန်တယ်။ အဲဒါက အာရုံအဖြစ်

စိတ်ကိုဖြစ်စေတော့ အဖြစ်ခံရတဲ့စိတ်ဟာ ကိလေသာစိတ်ပြန်ဖြစ်ရတာပဲ။ ဒီလိုနဲ့ ကံဝိပါက်ကိလေသာ သုံးခုဟာ တစ်ခုကြောင့် တစ်ခုဖြစ်၊ စက်လည်ပြီးဖြစ်ပွားနေတဲ့ လူနဲ့မဆိုင်တဲ့ အလိုအလျောက်ဖြစ်ပွားနေတဲ့ သုံးခုပဲ။

လူနဲ့မဆိုင်ပေမဲ့ လူက ဒီအလိုအလျောက်ဖြစ်ပွားမှုသုံးခုရဲ့ အပူးအယှဉ်ခံရသူဖြစ်တဲ့အတွက် နတ်အပူးအဝင်ခံရတဲ့ နတ်ဝင်သည်လို လူဟန်များပျောက်ပြီး နတ်ဟန် နတ်စကား နတ်လှုပ်ရှားမှုများဖြစ်လို့ နတ်ဝင်သည်လူကိုဖျောက်ပြီး ဝင်နေတဲ့ နတ်အဖြစ်ပဲ သိမြင်ဆက်ဆံကြတာပဲ။ ဒီသုံးခု အပူးခံရသူကလည်း လူရဲ့ပကတိ အပြောအပြုအပြဟန်များပျောက်ပြီး ပူးကပ်နေတဲ့ သုံးခုအလျောက် ကောင်းမကောင်း အပြောအပြုအပြ ဟန်ပန်များဖြစ်လို့ အဲဒီဟန်ပန်ပြတဲ့ ပုဂ္ဂိုလ်သတ္တဝါအကောင်ပလောင်ကိုပဲ အဲဒီသူပဲလို့ အသိအမှတ် ပြုကြရတာပဲ။

လူ့ဆီကထင်ရှားမှု (သက္ကာယ)ကို ပကတိလူလို့ အသိအမှတ်ပြုနေတာပဲ။ မောင်ဘကဘိန်းစားရင် မောင်ဘလို့အသိ ပျောက်ပြီး ဘိန်းစားလို့သိတာ ခံရသလိုပါပဲ။ မောင်ဘအဖြစ်က ရပ်ရွာမှာသာမညပဲ။ ဘိန်းစားတဲ့အဖြစ်က ရပ်ရွာထဲမှာ ထင်ရှားတဲ့ (သက္ကာယ) အဖြစ်ပဲ။ ဒါကြောင့် မောင်ဘမှေးမှိန်ပျောက်ပျက်ပြီး ဘိန်းစားကထင်ရှားတာကြောင့် ဘိန်းစားလို့အမြင်ရောက်လာ တာပါပဲ။

ဘိန်းစားဟာ လူမဟုတ်တာဘဲ။ ဘိန်းစားတဲ့ ကံဝိပါက်ကိလေသာတွေ အထပ်ထပ် လည်ပတ်ဖြစ်ပွားမှုရဲ့အသွင်သဏ္ဍာန် ဟန်ပန်တွေပဲ။ လူရဲ့အသွင်သဏ္ဍာန်ဟန်ပန်ဖြစ်လို့ လူပဲလို့လဲပြောလို့မရဘူး။ ဘိန်းစားတဲ့ကံဝိပါက်ကိလေသာတွေ တစ်ခုချင်း တိုင်းကလဲ တစ်ခုကတစ်ခုကိုဖြစ်စေနေတဲ့ စက်ပဲ။ ဒီစက်ကဖြစ်စေတဲ့ဟန်ဖြစ်လို့ လူ့ဟန်ပန်မဟုတ်တာပဲ။ လူ့ဟန်ပန်မဟုတ်ပေမယ့် လူမှာထင်နေတဲ့ဟန်ပန်တွေဆိုတော့ လူ့ဟန်ပန်တွေလို့ အထင်မှားတော့ ခံရစရာဖြစ်တာပေါ့။

ဒီအထင်မှားစရာကို အထင်မှားတာဟာ တစ်လောကလုံးပဲ။ ဒါကိုပျောက်အောင် ဘုရားနဲ့ ရဟန္တာအရိယာတွေက ပြုလုပ်မှု ဖြစ်ပွားမှုနဲ့ ပမာဏ (ကြိယာမတ္တ)အမြင် ကမ္မဝါဒဒဿနကို ပြကြတာပဲ။ ကမ္မဝါဒဒဿနမှာ ကံဟာ လူမဟုတ်ဘူး။လူလုပ်လို့ ဖြစ်တာလဲမဟုတ်ဘူး။ ကိလေသာကဖြစ်စေတဲ့အရာမျှပဲ။ ကိလေသာကလဲလူမဟုတ်ဘူး။ လူမှာရှိနေတဲ့အရာလဲ မဟုတ်ဘူး။ ဝိပါက်လို့ခေါ်တဲ့ ဥပါဒါန်ရဲ့အာရုံက ဖြစ်စေလိုက်တဲ့အရာမျှပဲ။ ဝိပါက်ကလဲလူမဟုတ်ဘူး။ လူကဖြစ်နေတာလဲ မဟုတ်ဘူး။ ကံကဖြစ်စေလိုက်တဲ့ အရာမျှပဲ။

ဒါကြောင့် ကံဝိပါက်ကိလေသာတွေဟာ အဝတ်ဖြူမှာလာစွဲနေတဲ့ဆေးရောင်တွေလို အဝတ်ဖြူနဲ့တူတဲ့လူမှာ ဆေးရောင်နဲ့တူတဲ့ ကံဝိပါက်ကိလေသာစက်များ လာစွဲနေခြင်းပဲဖြစ်တယ်။ ဒါကြောင့် ကံဝိပါက်ကိလေသာတွေထဲကခန္ဓာတွေဟာ အစွဲခန္ဓာ (ဥပါဒါနက္ခန္ဓာ) တွေသာဖြစ်ပြီး လူမဟုတ်တာတွေပဲ။

လူ့ကိုယ်ခန္ဓာဟာ လူကိုမွှေနှောက်ခြောက်ခြားတာမလုပ်ဘူး။ အစွဲခန္ဓာ (ဥပါဒါနက္ခန္ဓာ)ကတော့ လူကိုမွှေနှောက် ခြောက်ခြားတာတွေ မပြတ်ပြုပြီး လူကိုပျက်စီးစေဆိုးဝါးစေတယ်။ ဒါကြောင့် ဗုဒ္ဓဘုရားက ပြုလုပ်မှုနဲ့ဖြစ်ပွားမှု ပမာဏ (ကြိယာမတ္တ)အမြင် ကမ္မဝါဒကို ဖော်ထုတ်ညွှန်ပြခဲ့တာဖြစ်တယ်။

ကမ္မဝါဒဒဿနရှိသူမှပဲ ကံကိုသိနိုင်မယ်။ ကံသိမှပဲ ကံတန်ဖိုးအမှန်သိနိုင်မယ်။ ဒါသိမှ ကံသံသရာကြောင့်ထင်နေတဲ့ သတ္တဝါအဖြစ်ဟာ လူလို့ထင်ရပေမယ့် လူမဟုတ်ဘဲ ပျက်စီးဆိုးဝါးနေတာမြင်ပြီး ငြီးငွေ့ကာ ကံကို အာလျကုန်တဲ့အဖြစ် ရောက်မှာပဲ။

လိုလားစရာ (ကာမ)အာရုံပဲ အမြင်ထားသူ ကာမဒဿနသမားတွေနဲ့ စိတ်မဝင်စားစရာ(ရူပ)အာရုံပဲအမြင်ထားသူ ရူပဒဿနသမား၊ ဘာမှမရှိရာ(အရူပ)အာရုံတွေပဲအမြင်ထားသူ အရူပဒဿနသမားတွေဟာ အသီးသီးကံတွေလုပ်၊ ဝိပါက်တွေဖြစ်၊ ကိလေသာတွေပေါက်ပြီး အဲဒီကံသံသရာထဲမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကျင်လည်နေကြရပေမဲ့ အဲဒီကံလဲမသိ၊ ဝိပါက်လဲမသိ၊ ရှေးရှုရာလဲမသိဘဲ၊ လိုလားစရာပဲသိ၊ စိတ်မဝင်စားစရာပဲသိ၊ အာရုံမရှိရာပဲသိပြီး အဲဒီအာရုံတွေမှာအကောင်းထင်တဲ့ ကိလေသာတွေဖြစ်ပြီး အဲဒီအာရုံတွေရအောင် လုပ်ဆောင်နေကြတာထဲ မဆုံးနိုင် မြောနေကြမှာပါပဲ။

ကာမရူပအရူပ သုံးပါးဟာ လူသိများတဲ့ မမွေးမီကံကြောင့်ခုဝိပါက်ဖြစ်၊ အခုကံကြောင့်သေပြီးဝိပါက်ဖြစ်လို့ပဲ ထင်ကြမယ့် ဒဿနတွေပဲ။ ကမ္မဒဿနကတော့ ယုန်ချို လိပ်မွှေးလို့ပြောရလောက်အောင် လူသိဝေးတဲ့ဒဿနပဲ။

ဒီဒဿနရှိသူက ဒီဒဿနနဲ့ပဲ ကိုယ်နှုတ်နှလုံးဝိပါက်တွေနဲ့ သိစရာတွေကို အသိပေးတာတွေလုပ်မှာပဲ။ ဒီသူရဲ့ ဒါတွေဟာ ဂြိုဟ်သားတစ်ယောက်ရဲ့ အသိပေးချက်နဲ့တူကောင်းတူနေမှာပဲ။

အကြောင်းကတော့ ကမ္မဝါဒဒဿနကိုညွှန်ပြတဲ့ ဗုဒ္ဓဘုရားဟာ ကံကို ကိုယ့်ဥစ္စာ (ကမ္မသကတာ)လို့ မြင်တာကို သမ္မာအမြင်လို့ မပြောနိုင်ဖြစ်ပြီး အဗျာကတ တရားတွေဖြစ်တဲ့ ဘယ်ကလာမလာ၊ ဘယ်ကိုသွားမသွား၊ ဒီမှာဖြစ်မဖြစ် ပြဿနာတွေကိုလဲ မပြောကြောင်း ညွှန်ပြခဲ့တဲ့ အရှင်မြတ်ပဲ။

ကမ္မဝါဒဒဿနအမြင်ရှိတဲ့ ဒီအရှင်မြတ်ရဲ့တပည့်ကလဲ ကံကို ကိုယ့်ဥစ္စာအမြင်ဟာ အမှားမြင်ဖြစ်တယ်။ ဘယ်ကလာမလာ အမြင်၊ ဘယ်ကိုသွားမသွား အမြင်၊ ဒီမှာဖြစ်မဖြစ် အမြင် အစစ အမြင်တွေလဲ မိစ္ဆာအမြင်ဖြစ်ကြောင်း သိသူဖြစ်တယ်။

ကမ္မဝါဒဒဿနအသိက ကမ္မဝါဒဒဿနပဲ လွတ်မြောက်ရာအမြင်ဖြစ်ကြောင်း၊ လွတ်မြောက်ရာအမြင်နဲ့လွဲချော်တဲ့အမြင်များဟာ လည်ပတ်တဲ့အမြင်၊ မိစ္ဆာအမြင်ဖြစ်ကြောင်း သိပြီးသူဖြစ်တယ်။

ဒီလိုအသိရှိသူက မေတ္တာတံခွန်ကဖြန့်ဝေထားတဲ့ မိုးပြာဂိုဏ်းရဲ့ဟောပြောချက် ၁၈ ချက်ကို ရှေ့နောက်စာစုတွေနဲ့ ခွဲအပြခံရလို့ အဓိပ္ပါယ်မှန်မပေါက်ဘဲ မလိုရာအဓိပ္ပါယ်မရောက်အောင် ဖြည့်စာရေးမှာဖြစ်လို့ ဒီစာဟာ ကမ္မဝါဒဒဿန မပေါ်ထွန်းတဲ့ကာလမှာ ကမ္မဒဿနနဲ့ရေးတဲ့ အကြောင်းအရာဖြစ်လို့ ပြိုဟ်သားရဲ့စကား နားလည်အောင်ကြိုးစားသလို ကြိုးစားဖတ်မှတ်ပေးကြဖို့ နိဒါန်းစကား ထားပေးလိုက်တာပါပဲ။

ရှင်ဉာဏ

(ဓမ္မဝိဟာရီ)

မေတ္တာတံခွန်အသင်းကထုတ်ပြတဲ့ မိုးပြာဂိုဏ်းရဲ့
ဟောပြောချက် ၁၈ ချက် အကျယ်ရှင်းချက်

မိုးပြာဂိုဏ်းရဲ့ဟောပြောချက်ထဲက ထုတ်ထားတဲ့ပထမတစ်ချက်က ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာဘဲဖြစ်ဖြစ် တစ်ခါလုပ်မိရင် ထပ်ထပ်လုပ်ချင်တယ်၊ ဒီကံကြီးက ကိုယ့်ကိုရစ်ပတ်နေပြီး ဒီလူမလွတ်လပ်တော့ဘူးဆိုတာပါပဲ။

ဒီစကားထဲက ထပ်ထပ်လုပ်ချင်တယ်ဆိုတဲ့စကား၊ ရစ်ပတ်နေပြီဆိုတဲ့စကား၊ မလွတ်လပ်တော့ဘူးဆိုတဲ့စကား ဒီစကားသုံးလုံးဟာ ကမ္မဒဿန ပေါက်ရောက်နေခြင်းမရှိသူအနေနဲ့ နားလွယ်ဖို့မလွယ်စရာဖြစ်တယ်။

ဒီစကားမှာ ကောင်းတာနဲ့ မကောင်းတာဆိုတာက ကာမရူပအရူပကုသိုလ်တွေနဲ့ အကုသိုလ်ကံတွေရဲ့ နာမည်ပဲ။ ဒီကံတွေဟာ ကာမာဝစရပုဂ္ဂိုလ်၊ ရူပါဝစရပုဂ္ဂိုလ်၊ အရူပါဝစရပုဂ္ဂိုလ် လို့ဆိုတဲ့ ကာမအာရုံမှာမွေ့လျော်ကျက်စားသူ၊ ရူပအာရုံမှာ မွေ့လျော်ကျက်စားသူ၊ အရူပအာရုံမှာမွေ့လျော်ကျက်စားသူတွေပဲ။ ကာမာဝစရပုဂ္ဂိုလ်က လိုလားစရာ ကာမအာရုံကိုအကောင်းထင်၊ ကာမအာရုံဆာမွတ်ပြီး၊ ကာမအာရုံရရေး ကိုယ်နှုတ်နှလုံးအမှုကံတွေပြုလုပ်၊ ကာမဝစရ ဒေဝမနုဿပုဂ္ဂိုလ် ဖြစ်နေ။

ရူပါဝစရပုဂ္ဂိုလ်က အတွေးမပွားရာ ရူပအာရုံကိုအကောင်းမြင်၊ ရူပအာရုံဆာမွတ်ပြီး၊ ရူပအာရုံနဲ့မွေ့စက်နေနိုင်ရေး ကိုယ်နှုတ်နှလုံးအမှုကံတွေပြုလုပ်၊ ရူပါဝစရရူပပြဟ္မပုဂ္ဂိုလ်ဖြစ်နေ။

အရူပါဝစရပုဂ္ဂိုလ်က ဘာမှမရှိရာ အရူပအာရုံကို အကောင်းထင်၊ အရူပအာရုံဆာမွတ်ပြီး၊ အရူပအာရုံနဲ့မွေ့စက်နေနိုင်ရေး ကိုယ်နှုတ်နှလုံးအမှုကံတွေပြုလုပ်၊ အရူပါဝစရ အရူပပြဟ္မပုဂ္ဂိုလ်ဖြစ်နေ။

ကာမဝစရပုဂ္ဂိုလ်ထဲကပဲ ကာမာဝစရ အပါယပုဂ္ဂိုလ်က လိုလားစရာအာရုံကို အကောင်းထင် ဆာမွတ်ပြီး ကာမအာရုံနဲ့ပျော်မွေ့ရရေး ကိုယ်နှုတ်နှလုံးအမှုကံတွေလုပ်တဲ့အခါ အလုပ်ခံရသူမခံသာစရာဖြစ်တဲ့အမှု မကောင်းကံ အလုပ်ကိုပြုလုပ်ပြီး ကာမဝစရ အပါယပုဂ္ဂိုလ် ဖြစ်တာပဲ။

ကံသင်္ခါရတွေဟာ စွဲစေတတ်တာတွေပဲ။ ဒါကြောင့် ကံလုပ်ပြီးသွားရင် ကံမလုပ်ဖူးသူနဲ့မတူသူဖြစ်တာပဲ။ ကံလုပ်ဖူးသူက အစွဲဝင်ခံရပြီးသူပဲ။ ဒီသူ့အမူအရာတွေဟာ ကံမလုပ်ဖူးသူနဲ့ခြားပါတယ်။ အစွဲဝင်ခံရပြီးသူဟာ အဝင်ခံရတဲ့အစွဲအရ ထပ်လုပ်ချင်တာပဲ။

အရက်သမား၊ ဘိန်းစား၊ ကာမကျူးသမားနဲ့ နောင်ဘဝကောင်းစားဖို့စောင့်စည်းသမား၊ စောင့်ရှောက်သမား၊ တရားသမားတွေပဲ ကြည့်ရင် လုပ်မိတဲ့အမှုမှာ တစ်ခါနဲ့မပြီးတာအထင်အရှားပဲ။ ဒါတွေမှာ တစ်ခါနှစ်ခါနဲ့ အပြီးသတ်နိုင်သူဟာ ဒါတွေကိုလုပ်ပေမယ့် ဒါတွေထဲ အားထည့်လို့မဝင်တာကြောင့်ပဲ။

ဒါတွေမှာ ပဋိသင်္ခါယောနိသောဆိုတဲ့ လုပ်ရခြင်းအကြောင်းအလျှောက် အဆင်ခြင်ဝင်ပြီးပြုလုပ်နေရင် အဲဒီပြုလုပ်တာလဲ ပြုလုပ်မှုကံမမြောက်တဲ့အတွက် ထပ်ထပ်လုပ်ချင်တဲ့အစွဲမဝင်လို့ တစ်ခါနှစ်ခါနဲ့ ပြတ်နိုင်တာပါပဲ။

ဗုဒ္ဓဘာသာဝင်တွေ စားဝတ်နေရေးကျန်းမာရေး အသုံးအဆောင်တွေသုံးတဲ့အခါ ပဋိသင်္ခါယောနိသောနဲ့သုံးဖို့ ညွှန်ပြခဲ့တာဟာ ကံမြောက်တာမဖြစ်ဖို့ပဲ။ ပဋိသင်္ခါယောနိသောမလုပ်ဘဲသုံးဆောင်ရင် ကြွေးသုံးဆောင်တာဖြစ်မယ်ဆိုတာ လုပ်လို့မပြီးနိုင်အောင် ထပ်လုပ်ရတာထဲ ချာချာလည်မှာကို ပြောတာပါပဲ။

ပဋိသင်္ခါယောနိသောလုပ်တယ်ဆိုပြီး ပုံစံရွတ်တာလုပ်လို့တော့ လည်မှာပဲ။ ရွတ်တာကတခြား သုံးဆောင်တာကတခြား ဖြစ်လို့ပဲ။ သုံးဆောင်တာဟာ သုံးဆောင်ရခြင်းရဲ့အကြောင်းကို ဉာဏ်သွင်းပြီးသုံးဆောင်ရင် သုံးဆောင်ရတဲ့ထဲ မေ့မြောပါသွားတာမျိုး မဖြစ်ဖို့ပေါ့။

အာရုံအမျိုးမျိုးတွေကို ကောင်းမကောင်းပြုလုပ်ရတာတစ်မျိုးတိုင်းမှာ ပြုလုပ်ရခြင်းရဲ့အကြောင်းဟာ ရှိမြဲပဲ။ အဲဒီအကြောင်းကို ဉာဏ်သွင်းဆင်ခြင်တာမဖြစ်ရင် မသိခြင်း ပမာဒ က ခေါင်းဆောင်လာပြီဖြစ်လို့ အကောင်းမကောင်း လုပ်ဆောင်ချက်တွေဟာ ကံမြောက်ပြီး ကောင်းကံ မကောင်းကံပေါ့။ ဒီကံတွေဟာ ထပ်ထပ်မလုပ်ဘဲ နေလို့မရတာတွေဘဲ။

ဒီကံတွေဟာ အကောင်းတွေဖြစ်ဖြစ် မကောင်းတွေဖြစ်ဖြစ် ဝဋ္ဋလိုက်တဲ့တရားတွေပဲ။ ကံလုပ်ပြီးရင် ကံမှာပဲရပ်မနေဘဲ ဝိပါက်အဖြစ် ပြောင်းလဲလိမ့်ဆင်းတာပဲ။ ဝိပါက်ကလဲ ကိလေသာအဖြစ်ပြောင်းလဲလိမ့်ဆင်းတာပဲ။ ကိလေသာကလဲ ကံအဖြစ်ပြောင်းလဲလိမ့်ဆင်းတာဆိုတော့ ဘယ်မှာဘာနဲ့ဖြတ်မလဲ ရပ်မလဲပဲ။

တခြားတစ်ဦးဦးက ကိုယ်လည်နေတဲ့ဝဋ္ဋကံနဲ့မတူတဲ့ ဝဋ္ဋကံတစ်ခုခုဖြစ်ပွားနေတာမျိုး တိုက်တွန်းခံရရင်ဖြစ်ဖြစ်၊ ချီးမွမ်းမိရင်ဖြစ်ဖြစ်၊ သဘောကျမိရင်ဖြစ်ဖြစ်၊ အဲဒါတွေက ကိုယ်တိုင်လုပ်တာမဟုတ်ပေမယ့် လုပ်တာနဲ့အလားတူတာတွေဖြစ်လို့

ပြောင်းလဲသွားစရာရှိတာပဲ။ ကိုယ့်ဟာကိုယ်အနေနဲ့တော့ ထပ်ထပ်ပဲလုပ်ချင်နေလို့ တစ်ခါလုပ်မိရင် ထပ်ထပ်လုပ်ချင်တယ်ဆိုတဲ့စကား ပြောလိုက်တာပဲ။

ကိုယ့်ကိုရစ်ပတ်နေပြီဆိုတဲ့စကားကလဲ ကမ္မဒဿနပေါက်ရောက်နေသူမဟုတ်ရင် နားလည်စရာမကောင်းဘူး။ ရစ်ပတ်တဲ့အရာနဲ့ အရစ်ပတ်ခံရတဲ့အရာကို တခြားစီလို့မသိလို့ပဲ။ ကမ္မဒဿနကိုသိသူက ရစ်ပတ်တဲ့သံသရာက ကိုယ့်ရဲ့အပတရားပဲ။ အပတစ်ခုခုက ကိုယ့်ကိုလာပြီးရစ်ပတ်ထားတယ်ဆိုတာ အပ ဟာ လူမဟုတ်တာနဲ့ အပ ဟာ ရပ်နေတဲ့အရာလည်းမဟုတ်တာပဲ။ ကံဝိပါက်ကိလေသာတို့ တစ်ခုက တစ်ခု ပြောင်းလဲပြေးလွှားနေတဲ့ ရွေ့လျားတဲ့အရာလို့ မြင်တတ်ရမှာပါပဲ။

အဲဒီရွေ့လျားတဲ့သံသရာက သူ့ဟာသူနေတာလဲမဟုတ်၊ လူကိုရစ်ပတ်နေတာဖြစ်လို့ လူက လူ့အသိတွေပျောက်ပြီး နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါ၊ အပါယ်သတ္တဝါ အသိတွေပဲဖြစ်လို့ ဒီဟာကြီးက လူကိုရစ်ပတ်နေပြီဆိုတဲ့စကား ပြောခဲ့တာပဲ။

ဒီလူမလွတ်လပ်တော့ဘူးဆိုတဲ့စကားက ဒီလိုလူက လူမဟုတ်ဘဲ အပဖြစ်တဲ့ သံသရာရဲ့ အပတ်ခံနေရတော့ လူ့အမူအရာ လူ့အသိ လူ့ခံစားမှတ်သားတုန့်ပြန်တွေ အပျောက်ခံပြီး ကံရဲ့အကျိုးဝိပါက်ဖြစ်တဲ့ အပါယ်သတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါတွေထဲက အကျိုးဝိပါက်ဖြစ်တဲ့ သတ္တဝါတစ်ဦးဦးရဲ့ အမူအရာ သတ္တဝါအသိ သတ္တဝါခံစားချက် သတ္တဝါမှတ်သားချက် သတ္တဝါတုန့်ပြန်ချက်တွေပဲ ဖြစ်ရတော့တာပဲ။

လူဖြစ်ပြီး လူမဟုတ်တဲ့ ဒီသံသရာ အပ က စီးထားခံရတာဖြစ်တဲ့အတွက် ဒီလိုခံရသူဟာ မလွတ်လပ်သူပဲ။ လူလွတ်လပ်တယ်ဆိုတာ ဆရာ မိဘ ရန်သူ စားဝတ်နေအခက်အခဲ အစစတွေက လွတ်လပ်တာမဟုတ်ဘဲ ကိုယ်ပြုလုပ်ထားတဲ့ ကံသံသရာရဲ့ရစ်ပတ်ခံရလို့ လူစိတ်ပျောက်ပြီး သတ္တဝါစိတ်ပေါက်နေတာတွေက လွတ်လပ်တာရဲ့နာမည်ပဲ။ ဒီလိုလွတ်လပ်တာမျိုးမဟုတ်ဘဲ ကံတွေအထပ်ထပ်လုပ်နေသူဖြစ်တော့ မလွတ်လပ်တော့ဘူး ပြောလိုက်တာပဲ။

ကမ္မဝါဒဒဿနရှိသူတွေဟာ ကံသင်္ခါရရှိသူတွေကို မလွတ်လပ်သူတွေလို့မြင်တာပဲ။ ကမ္မဝါဒဒဿနမျက်လုံးမပေါက်ကြသူတွေအနေနဲ့ အကုသိုလ်ကံကိုပဲ အပြစ်ဒုက္ခလို့မြင်တယ်။ ဩကာသကန်တော့ချိုးက ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ ပျောက်ပါစေခြင်းငှာ ကန်တော့ပါ၏ ဆိုနေကြပေမယ့် ကာယဝစီမနော ကံမြောက်တာတိုင်းကို သဗ္ဗဒေါသဖြစ်တယ်လို့ မခံယူနိုင်ကြဘူး။ ကံတွေကို ဝယဓမ္မာသင်္ခါရာလို့ပြောတာလဲ အနက်မကောက်နိုင်ကြဘူး။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ဒုက္ခာလို့ မိန့်ကြားချက်တွေလဲ မနာခံနိုင်ကြဘူး။ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ (လ)ႉ ႉ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဆိုတာလဲ နောဇာနာမိ ငါမသိထဲကပဲ။ အဲဒီတွေမှာ သင်္ခါရအရတွေကို တောကောက် တောင်ကောက် လုပ်နေကြတယ်။

ကမ္မဝါဒဒဿနရှိသူအနေနဲ့ မလွတ်လပ်ဘူးဆိုတာ ဝဋ်လိုက်ခံနေရတာရဲ့နာမည်လို့သိတယ်။ ဘယ်သင်္ခါရဖြစ်တဲ့ကံဟာ ဝဋ်မလိုက်ဘဲ နေသလဲ။ အဲဒီ သင်္ခါရကံတွေဟာ လမ်းကြောင်းမဂ္ဂတွေပဲ။ လွတ်မြောက်ရာရောက်တဲ့လမ်းတော့မဟုတ်ဘူး။ လွတ်မြောက်ရာရောက်တဲ့လမ်းက သင်္ခါရကံတွေတစ်ခုချင်းကနေ ကုန်တဲ့အထိသတ်ပြီးသွားတဲ့လမ်းဖြစ်လို့ အရိယမဂ်ဖြစ်တယ်။ ကာမအကုသိုလ်ကံက ဘယ်လိုမဂ်ဖြစ်သလဲဆိုရင် ကာမကုသိုလ်ကံကိုသတ်လို့ သတ်တာကို ( မာရေန္တော ဂစ္ဆတီတိမဂ္ဂေါ ဆိုတဲ့အတိုင်း) မဂ်ခေါ်တာပဲ။ ကာမကုသိုလ်က ကာမအကုသိုလ်သတ်လို့ မဂ်ပဲ။ ရူပကုသိုလ်က ကာမကံတွေသတ်လို့မဂ်ပဲ။ အရူပကုသိုလ်ကံတွေက ရူပကုသိုလ်ကံတွေသတ်လို့မဂ်ပဲ။ ကာမအကုသိုလ်မဂ်၊ ကာမကုသိုလ်မဂ်၊ ရူပကုသိုလ်မဂ်၊ အရူပကုသိုလ်မဂ်တွေပေါ့။ လောကုတ္တရာကုသိုလ်တွေက ကာမရူပအရူပကံတွေသတ်လို့ လောကုတ္တရာမဂ်၊ အရိယာမဂ်ပေါ့။

ကာမ ရူပ အရူပ ဒဿနသမားတွေရဲ့ အာရုံတွေဟာ အစွဲကြောင့်ဖြစ်တဲ့ ကာမ ရူပ အရူပ အာရုံတွေမှာ အာရုံပြုလုပ်ဆောင်နေရသူတွေဖြစ်လို့ မလွတ်လပ်ဘူး။ ကမ္မဝါဒဒဿနရှိသူရဲ့ အာရုံဟာ ပြုလုပ်မှုနဲ့ဖြစ်ပွားမှုပမာဏ (ကြိယာမတ္တ)ဖြစ်လို့ အမြဲတေကျ အမတေခါတ်ဝင်တာဖြစ်လာတယ်။ တတ်ထားတဲ့အတတ်ဟာ တတ်သူမှာကပ်နေလို့ ကိုယ်ကကပ်ထားနေဖို့မလိုသလို လွတ်လပ်တာပဲ။ ကံရဲ့ထပ်ထပ်လုပ်ရလို့ မလွတ်လပ်တာပေါ်ဖို့ ကံကုန်တာရဲ့လွတ်လပ်တာနဲ့ ယှဉ်ပြလိုက်တာပဲ။ အရိယကံက သတ်စရာကံကုန်တဲ့အတွက် သတ်တဲ့ကံလဲဖြစ်စရာမရှိဖြစ်ပြီး ကုန်တာပါပဲ။ ကံသတ်တဲ့ကံလုပ်တာမဟုတ်ဘဲ ကံကိုလုပ်တာဆိုရင်တော့ ဒီသူ မလွတ်လပ်တော့တာဖြစ်လို့ မလွတ်လပ်တော့ဘူးဆိုတဲ့စကား ပြောတာပါပဲ။

၂။ နောက်ထုတ်ထားတဲ့ ဟောပြောချက်တစ်ပုဒ်အကြောင်းပြောရအောင်။ "ဘုရားရဲ့ နတ်အရကောက်ဟာ မိုးပေါ်ကသူတွေမဟုတ်ဘူးဆိုတာ ပေါ်လွင်ပါတယ်" ဆိုတဲ့စကားပဲ။

ဗုဒ္ဓဘုရားဟာ ဘယ်သူမှမမြင်နိုင်တဲ့ ကမ္မဝါဒအရကိုဖော်ထုတ်သူပဲ။ ကမ္မဝါဒဒဿနဟာ ကံနဲ့ကံရဲ့အကြောင်းတွေကို မြင်သူသာမကဘဲ ကံရဲ့အကျိုးတွေနဲ့ ကံသံသရာလည်နေတာကိုမြင်သူပဲ။ ဒီသံသရာ ပုံပေါ်လာတဲ့ထင်ရှားမှု (သတ္တဝါ) တွေကို ကိုယ်တိုင်သိသူပဲ။

ကမ္မဒဿနမပေါက်လို့ သတ္တဝါကို ကိုယ်တိုင်မသိသူကသာ သတ္တဝါတွေကို အထက်တစ်ချို့ အောက်တစ်ချို့ ပို့ချင်ရာပို့ထားကြတာပဲ။ ကာမကုသိုလ်ကံရဲ့ ဝိပါက်ရှိသူတို့ရဲ့ ဖြစ်ပွားတဲ့ကိုယ်အမူအရာ စိတ်စေတသိက်အမူအရာတွေဟာ

တခြားကံတို့ရဲ့ ဝိပါက်ရှိသူတွေမှာ ဖြစ်ပွားတာတွေနဲ့ မတူကွဲပြားခြားနားကြတာပေါ့။

လူဟာ ဘယ်သူက ဘယ်သူကိုဖြစ်ဖြစ် သိတယ်ဆိုတာ လူကိုသိတယ်ဆိုတာထက် အပြုအမူကိုသိတာဖြစ်တယ်။ လူက ဆက်ဆံတာလဲ လူကိုဆက်ဆံတာထက် အမူကိုဆက်ဆံတာပဲ။ မိဘတွေကသားသမီးကို သားသမီးတွေကမိဘကို ဆက်ဆံကြတာ တွေအထိ သားသမီးကို၊ မိဘကို ဆက်ဆံနေတယ်ထင်ကြပေမယ့် သားသမီးဆက်ဆံတာလဲ သားသမီးဆက်ဆံတာမဟုတ်ဘဲ အဲဒီ သားသမီးရဲ့အမူကို ဆက်ဆံနေကြတာပဲ။ မိဘလဲ ဒီလိုပဲ။ မိဘရဲ့အမူကို ဆက်ဆံနေကြတာပဲ။

အဲဒီအမူကိုသိအောင် မိဘကလဲ သားသမီးကို အကဲခတ်တယ်။ သားသမီးကလဲ မိဘကို အကဲခတ်နေတာပဲ။ အကဲခတ်တာဟာ အမူကိုလေ့လာတာပါ။ ပုံမှန်ပဲကောင်းနေသလား၊ ဆိုးလာသလား၊ ပိုကောင်းလာသလား ပေါ့။ အကဲရတဲ့အလျောက် တန်ဖိုး အနိမ့်အမြင့်လုပ်ပြီး ဆက်ဆံမှုတွေ အတိုးအလျှော့လုပ်ကြတာပဲ။

အကဲဆိုတာ အလွန်ဆိုတာရဲ့ အရတူစကားပဲ။ သူတို့မှာရှိသင့်တာထက် အလျှော့အပိုဖြစ်ကြတာကို လွန်တယ်ပြောရတာပဲ။ ဒါတွေဟာ အမူကံပြုလို့ ဖြစ်တဲ့အဖြစ်တွေပဲ။ ကမ္မဝါဒဿနရှိသူဟာ ဒါကိုအသိဆုံးသူပေါ့။

ဒါကြောင့် ဗုဒ္ဓဘုရားဟာ သုံးဆယ့်တစ်ဘုံလောကကို အမှန်းအရမ်းသူတွေလို မြေအောက် မြေပေါ်နဲ့ မိုးပေါ်တွေမှာ ဖြန့်မထားဘဲ လူမှာပဲလို့ မိန့်ကြားသူပဲ။

ဗုဒ္ဓဘုရားကတော့ ခေတ်ကိုစားလိုက်တာလို့ ကြည်ညိုရတာပေါ့။ သိပ္ပံခေတ်မှာ အဲဒီလိုဖြန့်နှံ့ထားမိသူတွေ ပိုးလိုးပက်လက် ပျက်ကြတာမဟုတ်လား။ မိုးပေါ်ထားလဲ လူတွေက မိုးပေါ်တက်ကြည့်နေကြပြီ။ မြေထဲမှာထားလဲ မြေကြီးထုထည်ကို လူတွေ တိုင်းနိုင်နေကြပြီ။ မြေပေါ်လဲ တစ်စတုရန်းမိုင်မကျန် ကြည့်နိုင်နေကြပြီ။

ဘယ်ဘာသာမဆို အဲလို မထားတာမရှိတာထဲက ကမ္မဝါဒဿနရှင်ဗုဒ္ဓဘုရားက သုံးဆယ့်တစ်ဘုံ လူမှာ အသိပေးခဲ့တာပဲ။ ဒါပေမယ့် လူတွေက အသိပေးတာနားမလည်တော့ အခြားဘာသာတရားတွေကပြတဲ့အတိုင်း မြေအောက် မြေပေါ် မိုးပေါ်ကို ဖြန့်ထားပြီး မှန်းနေကြတာပဲ။ ဒီပြချက်ကို ဗုဒ္ဓဘုရားရဲ့ ဟောပြောချက်တစ်ခုက ကန့်ကွက်နေတာလေး ကျန်နေသေးလို့ အားဖြစ်ရတယ်။

အဲဒါက သင်္ဂါရဝဆိုတဲ့လုလင်တစ်ယောက်ကို ပြောပြချက်ပဲ။ အဲဒီလုလင်က ဗုဒ္ဓဘုရားရှိနေတဲ့ စဥ္စလိကမ္ပဆိုတဲ့ရွာနားက ခြံထဲသွားပြီး ဗုဒ္ဓဘုရားနဲ့တွေ့ဆုံမေးမြန်းခဲ့တယ်။ အရှင်ရဲ့လမ်းဟာ ဘယ်သူမှမဖောက်ဖူးသေးတဲ့လမ်း ဟုတ်လားလို့ပဲ။ ဗုဒ္ဓဘုရားက သူ ဘယ်လို အသိပေါက်လာခဲ့ကြောင်း မိန့်ကြားတဲ့အထဲမှာ သတ္တဝါတွေရဲ့ဖြစ်ပုံပျက်ပုံသိတဲ့ နတ်မျက်စိပေါက်ပုံလဲ ပါတာဆိုတော့ လုလင်က အဲဒီနတ်မျက်စိအမြင်ထဲမှာ နတ်ရှိသလားလို့မေးတာပဲ။ ဒီအမေးကို ဗုဒ္ဓဘုရားက အင်းလို့ ဝန်ခံတာလဲမလုပ်၊ ဟင့်အင်းလို့ ငြင်းဆိုတာလဲမလုပ်ဘူး။ ဆိတ်ဆိတ်လဲမနေဘူး။

ဒါဟာ ထူးဆန်းတဲ့အဖြစ်ပဲ။ အင်းလို့လုပ်ရင် သင်္ဂါရဝနဲ့ လူတွေကြားသိဖူးထားတဲ့နတ်ကို အတည်ပြုပေးရာရောက်မှာ ဆိုတော့ အဲဒါ အတည်မပြုပေးနိုင်လို့ပဲ။ သင်္ဂါရဝကြားသိဖူးထားတဲ့နတ်က ဒီနေ့လူတွေ ကြားသိနေကြတဲ့နတ်တွေလို မိုးပေါ်ကသူတွေ ဖြစ်မှာ မဟုတ်လား။ အဲဒါကို အတည်ပြုမပေးတာပဲ။

ဟင့်အင်းလို့ လုပ်လိုက်ရင် သင်္ဂါရဝနဲ့လူတွေသိထားဖူးတဲ့နတ်ဆိုတာ လုံးလုံးပဲမရှိဘူးလို့ ဖြစ်သွားရာရောက်မှာဆိုတော့ အဲဒါလဲ မလုပ်တာပဲ။ ဒီတော့ ဆိတ်ဆိတ်မနေဘဲ မိန့်ကြားတဲ့စကားက "ရှိတဲ့နတ်ကိုငါသိတယ်" လို့ပဲ။

ဒီမိန့်ကြားချက်ဟာ မေးခွန်းရဲ့တိုက်ရိုက်အဖြေမဟုတ်တာကို သင်္ဂါရဝက နားလည်တော့ ဗုဒ္ဓဘုရားကို ပြန်လျှောက်တယ်။ အဲဒီစကားက ဝေ့မနေဘူးလားဆိုတဲ့ အဓိပ္ပါယ်မျိုးပဲ။ ဗုဒ္ဓဘုရားက ဆက်မိန့်ပါတယ်။ နတ်ရှိတယ်ဆိုတာနဲ့ နတ်ကိုငါသိတယ်ဆိုတာ မကွာလှပါဘူး ဆိုတာမျိုးပဲ။ အဲဒီစကားနဲ့ဆက်ပြီး ဗုဒ္ဓဘုရားက သူသိတဲ့နတ်ကိုဖော်ပြတဲ့စကား မိန့်တယ်။ "လောကမှာနတ်ရှိတယ် ဆိုတာဟာ အမြတ်အားဖြင့် သမုတ်ခံထားရတဲ့အရာပဲ ဘာရဒွါဇ" လို့ပါပဲ။ ဥစ္စေနသမ္မတံ ခေါ ဧတံ ဘာရဒွာဇ ယဒိဒံ လောကသ္မိံ အတ္ထိ ဒေဝ လို့ပေါ့။

ဒါနဲ့ဆက်ပြီး နွယ်တာလေးလဲ အသိပေးရဦးမယ်။ ကောသလဘုရင်ရဲ့ ပြဟ္မာဆိုတာရှိလားအမေးကို ဗုဒ္ဓဘုရားဖြေကြားတာ ကိုပေါ့။ တစ်နေ့မှာ ကောသလက ဗုဒ္ဓဘုရားကို သဗ္ဗညုပြဿနာမေးတာကို ဗုဒ္ဓဘုရားက သူ့ကိုသဗ္ဗညုဖြစ်တယ် ပြောကြတာတွေဟာ စွပ်စွဲတာတွေပဲ။ အမှန်အတိုင်းပြောရင် တေဝိဇ္ဇလို့ပဲပြောရမယ်လို့ မိန့်တော့ သုံးထပ်ကွမ်းဝိဇ္ဇာ တေဝိဇ္ဇာထဲက နတ်မျက်စိပေါက်တဲ့ဉာဏ်ဝိဇ္ဇာ ပါတာဆိုတော့ အဲဒီကဆက်ပြီး ကောသလက ပြဟ္မာဆိုတာရှိသလား မေးခွန်းကို ဘုရားထံမေးတာပဲ။ ဘုရားက သင်္ဂါရဝကို နတ်အမေးဖြေတာမျိုး "ရှိတဲ့ပြဟ္မာကို ငါသိတယ်" လို့ မိန့်တာပဲ။ ပြီးတဲ့အခါမှာ ကောသလနဲ့အတူပါလာတဲ့ ကောသလရဲ့သားဖြစ်တဲ့ စစ်သူကြီးဝိဋူဍူပ က အဲဒီပြဟ္မာတွေ လာကြသလား လို့ ဘုရားကိုမေးလျှောက်တယ်။ ဘုရားက ဘာမှမဖြေကြားခင်မှာပဲ ဝိဋူဍူပကို ဘုရားရဲ့အတွင်းရေးတပည့်တာဝန်ရှိတဲ့ အရှင်အာနန္ဒာက အဲဒီမေးခွန်းကို ကန့်ကွက်စကားပြောတယ်။ ဘုရင်က ဘုရားကိုမေးတယ်။ စစ်သူကြီးက ဘုရားကိုမမေးသင့်ဘူး။ ဘုရားရဲ့အတွင်းနေ ငါ့ကိုပဲ မေးသင့်တယ် ဆိုတာမျိုးပဲ။

ဒါတွေက ဘုရားရဲ့နတ်အရကောက်ဟာ မိုးပေါ်ကသူမဟုတ်လောက်တာသိနိုင်ဖို့ ထောက်ကူစရာတွေပဲ။ ဒါပေမယ့် ဘုရားမိန့်တဲ့နတ် သိဖို့ကတော့ ဘုရားရဲ့ဒဿနဖြစ်တဲ့ ကမ္မဝါဒဒဿန ရမှပဲဖြစ်မယ်လို့ ပြောရမယ်။

၃။ ဒီဟောပြောချက်က - “ဒီလောက်တန်ဖိုးများဒါနကြီးအတွက် တစ်ဂါထာထဲမှာ နတ်ပြည်လဲမပါဘူး၊ လူ့ပြည်လဲမပါဘူး၊ ငရဲလဲမပါဘူး၊ နောင်ဘဝလဲမပါဘူး၊ ဒါနအကျိုးကို ဘုရားက နတ်ပြည်လို့မဟောဘူး” ဆိုတာပါပဲ။

ဒီစကားက ဇေတဝန်ကျောင်းလွှတ်ပွဲမှာ ဗုဒ္ဓဘုရားမိန့်ကြားချက်အကြောင်း ပြောတဲ့စကားဖြစ်တန်ရာတယ်။ ဗုဒ္ဓဘုရားဆည်းကပ်သူတွေဟာ ဗုဒ္ဓဘုရားမိန့်ကြားချက်တွေကို နားမလည်ချင်ကြဘူး။ ဗုဒ္ဓဘုရားဆည်းကပ်တာ ကိုယ်တိုင်က ဘုရားလို့ယုံကြည်တယ်၊ ကြည်ညိုတယ် ဆိုတာနဲ့ဆည်းကပ်တာပဲ။ ဗုဒ္ဓဘုရားရဲ့ ဘာကို ယုံကြည်တာ ကြည်ညိုတာလဲမေးရင် မနှိုင်းယှဉ်နိုင် မကြံစည်နိုင်တဲ့ ဗုဒ္ဓဘုရားရဲ့ဂုဏ်ကျေးဇူးတွေကိုပေါ့လို့ ဖြေမှာပဲ။ အဲဒီစကားလုံးတွေရဲ့စကားနက် ဆက်မေးရင်တော့ ရန်လုပ်ခံရမှာပဲ။

ဘုရားကြည်ညိုတယ်ဆိုတာ ဘုရားပုဂ္ဂိုလ်ကြီး ကြည်ညိုရမှာမှမဟုတ်တာဘဲ။ ဘုရားသိမြင်တဲ့တရားဖြစ်တဲ့ ကမ္မဝါဒဒဿန ဟာ လူ့လောကမှာ ဘယ်လောက် အထွဋ်အထိပ်ရောက် အကျိုးသယ်ပိုးနိုင်တာကို မှန်းဆမျှော်မြင် ဆင်ခြင်သိရတာမျိုးကို ယုံတာ ကြည်ညိုတာမျိုး ဖြစ်ရမှာပါ။

ဗုဒ္ဓဘုရားဆည်းကပ်ကြသူများဟာ ဗုဒ္ဓဘုရား ဖေါ်ထုတ်ခြင်းကြီးစွာဖေါ်ထုတ်ခဲ့တဲ့ ကမ္မဝါဒဒဿနကို ကျော်ခိုင်းပြီး အရှုပဝါဒဒဿနကို မျက်နှာမူနေကြတယ်။ အရှုပဝါဒဒဿနဟာ ဘာမှမရှိဆိုတဲ့အာရုံကို ရှုကြည့်တဲ့ဒဿနဖြစ်တော့ အဲဒီသူတွေ ဘာကိုသိကြမှာလဲ။ ဘာမှမသိဘဲ ဗုဒ္ဓဘုရားဆည်းကပ်တော့ ဗုဒ္ဓဘုရားပြောတဲ့ ကမ္မဒဿနဆိုင်ရာစကားတွေရဲ့ အနက်အတ္ထတွေကို ဘယ်လိုထင်ကြမှာလဲ။ ဘာနဲ့ထင်ကြမှာလဲ။

ပဒပရမပုဂ္ဂိုလ်ဖြစ်တဲ့ စကားလုံးမှာပဲဆုံးနေကြတဲ့စကားတွေကို ဆိုသာဆို ပိုမိုတဲ့စကား လုပ်ပစ်ကြတဲ့သူတွေကို စကားလုံးရဲ့အနက်တွေကို လူမမြင်ရရာနေရာတွေ လူလက်လှမ်းမမှီရာမှာ ထင်ကြတဲ့လုပ်ငန်းကို ဗုဒ္ဓဘုရားဆည်းကပ်သူတွေ လုပ်ကြတယ်။ ဗုဒ္ဓဘုရားနဲ့ ခေတ်ပြိုင်ဘာသာခြားတွေက အဲဒီအနက်အတ္ထတွေကို မိုးတစ်လုံး လေတစ်လုံးလုပ်ကြတာကို အတုယူပြီးလုပ်ကြတော့တာပဲ။ မဟုတ်လဲ အဲဒါကဘာမှအရေးမကြီးဘူး။ ဒို့ပန်းတိုင်ကအဲဒါမှမဟုတ်ဘဲ။ ဘာမှမရှိရာမဟုတ်လားလို့ပဲ နှလုံးသွင်းပြီး လွယ်လွယ်ပြောကြတာပဲ။

ဗုဒ္ဓဘုရားဆည်းကပ်သူတွေဟာ ကမ္မဝါဒဒဿနအရောက် သိအောင်လုပ်သင့်ကြတယ်။ ဒါမှ ဗုဒ္ဓဘုရားမိန့်ကြားတဲ့ စကားတွေရဲ့အနက်တွေကို နားလည်သူတွေဖြစ်ကြလိမ့်မယ်။ ကမ္မဒဿနမရှိရင် ကမ္မဒဿနနဲ့ပြောဆိုတဲ့စကားတွေအတွက် ဘာပြောတယ်ဆိုတာ အနက်မထင် ဖြစ်ပါမယ်။

ဒီနေ့ဟာ ကမ္မဒဿနအပျောက်ခံနေရလို့ ဗုဒ္ဓဒေသနာမိန့်ကြားချက်တွေဟာ ဝါးလို့မရတဲ့ကျောက်ခဲတွေလို ဗုဒ္ဓဆည်းကပ်သူတွေကို ဘာအရသာမှမပေးတဲ့အတွက် ရှိခိုးပူဇော်ခံဖို့ဒေသနာတွေပဲ အဖြစ်ခံနေရတယ်။ ကမ္မဒဿနနဲ့ ဟောပြောခံရတဲ့စကားဟာ ကမ္မဒဿနနဲ့နာကြားမှ အနက်ထင်မှာပဲ။

ဗုဒ္ဓဘုရားဟာ ဒါနံဒေထ၊ သီလံရက္ခထ၊ ဘာဝနံဘာဝေထ ဆိုပြီး ဒါန စတာတွေပြုကြဖို့မိန့်ကြားတယ်။ ကာမာဝစရဒဿနရှိသူကလဲ ဘုရားစကားကိုနားထောင်ပြီး ကာမဝစရဒါန စတာတွေပြုမှာပဲ။ ရူပါရူပဒဿန ရှိသူများကလည်း ဒို့ဆည်းကပ်သူဘုရားက မိန့်ကြားခဲ့တာပဲဆိုပြီး ရူပါဝစရဒါန၊ အရူပါဝစရဒါန စတာတွေ ပြုကြမှာပဲ။ ပြီးရင် ဒို့ဟာ ဘုရားစကားနားထောင်သူတွေပဲလို့ မှတ်ယူနေကြမှာဖြစ်တယ်။

ဘုရားညွှန်ပြတဲ့ ဒါနသီလဘာဝနာတွေက သူတို့ပြုလုပ်တဲ့ဒါန စတာတွေနဲ့တခြားစီပဲ။ ဗုဒ္ဓဘုရားက ကာမဝစရဒဿနပုဂ္ဂိုလ်၊ ရူပါရူပ အဝစရဒဿနပုဂ္ဂိုလ်မဟုတ်ဘဲ၊ ကမ္မဒဿနပုဂ္ဂိုလ်ဖြစ်လို့ပဲ။ ဒါကြောင့်ဘုရားညွှန်ပြတဲ့ ဒါနသီလဘာဝနာတိုင်းဟာ ကာမသုဂတိနတ်ဒေဝါအကျိုး၊ ရူပါရူပဗြဟ္မအကျိုး ဖြစ်စေနိုင်တဲ့ ကာမ ရူပ အရူပ ကုသိုလ် ဒါနသီလဘာဝနာများ မဟုတ်ကြပါဘူး။ ဒါကြောင့် ဒါနသီလဘာဝနာရဲ့အကျိုးတွေလဲ ဒေဝဗြဟ္မတွေကို လုံးလုံးပြမှာမဟုတ်တာတွေပဲ။

ကမ္မဝါဒဒဿနဖေါ်ထုတ်တဲ့ ဗုဒ္ဓဘုရားရဲ့အမြင်မှာ အပါယ်မှဒုက္ခမဟုတ်ဘဲ ဒေဝရောဗြဟ္မပါ ဒုက္ခသည်တွေပဲ။ အပါယ်ငရဲရဲ့ ရေနွေးအိုးထဲအပြုတ်ခံရ မီးထဲအဖုတ်ခံရတယ်ဆိုတဲ့ ဒုက္ခအဖြစ်အသိခံအာရုံတွေဟာ တက္ကာဝစရအာရုံတွေပဲ။ နတ်ဗြဟ္မာတွေရဲ့ နတ်သုဒ္ဓါနဲ့ပီတိအစာတွေစားပြီး သုခပွားနေတဲ့အဖြစ်အာရုံတွေလဲ တက္ကာဝစရအာရုံတွေပဲ။ ဗုဒ္ဓဘုရားရဲ့ဟောကြားချက်က အတက္ကာဝစရဆိုတော့ ဖီလာတွေပဲ။ ဗုဒ္ဓဘုရားရဲ့အသိဉာဏ်ထဲက အပါယ်ငရဲရဲ့ဒုက္ခအဖြစ်ဟာ ရေနွေးထဲအပြုတ်ခံရလို့မဟုတ်ဘဲ အပါယ်သံသရာကထွက်လို့မရဘဲ ပျက်စီးဆိုးဝါး အလကားဖြစ်နေလို့ပဲ။ ဒေဝတွေ ဗြဟ္မာတွေလဲ ဒေဝတွေက အနံ့အရသာအတွေ့တွေနောက်လိုက်ရင် ပဋိပက္ခဖြစ်လို့ စိတ်ဆိုးပြီးသေ၊ ဗြဟ္မာတွေက ဒီလိုမသေဖို့ လျှာ နှာ ကိုယ်တွေ မသုံးတတ်အောင်လုပ်။ အဲဒါတွေထဲ ချာချာလည်နေတဲ့သံသရာက မထွက်တတ်ကြသူတွေပဲ။ ဒီလိုဖြစ်တဲ့အတွက် ဒီသူတွေလဲ ပျက်စီးဆိုးဝါး အလကားဖြစ်လို့ ဒုက္ခတွေပဲ။ ပျက်စီးဆိုးဝါး အလကားဖြစ်တာချင်းမှာ အပါယ်နဲ့နတ်ဗြဟ္မာ တူတာမို့

အားလုံးဒုက္ခလို့မြင်သူပဲ။ ဒါတွေကိုကျင်ကြီးတွေလို့ ခိုင်းနှိုင်းထားခဲ့တယ်။ အပါယ်က လူယုတ်ရဲ့ကျင်ကြီး၊ နတ်ကလူလတ်ကျင်ကြီး၊ ဗြဟ္မာက လူမြတ်ကျင်ကြီးလို့ပဲ။ ဘယ်ကျင်ကြီးဟာ ရွံရှာစရာမဟုတ်ဘူးလို့ ဘယ်လိုပြောမလဲ ဆိုတာမျိုးပဲ။

ဒီလိုမိန့်ကြားတဲ့ဘုရားက နတ်ဗြဟ္မာဖြစ်တာ သြဘာဂုဏ်လုပ် မိန့်ပါ့မလဲပေါ့။ ဗုဒ္ဓဘုရားရဲ့ပန်းတိုင်ပဏီဓိဟာ အပါယ် နတ် ဗြဟ္မာ ဖြစ်ကြောင်းကံနဲ့ကိလေသာတွေ ချုပ်ငြိမ်းရာပဲ။

နတ်လူဗြဟ္မာအဖြစ်တွေ ဗုဒ္ဓဘုရားမပွင့်ခင်ကတည်းက လူတွေက အမြတ်သူတွေအဖြစ် သိကြပြီးသားတွေပဲ။ အဲဒီတွေ ရောက်ကြောင်းအကျင့်တွေလည်း ဗုဒ္ဓဘုရားမပွင့်ပေါ်ခင်ကတည်းကပဲ ကျင့်သုံးတတ်ကြပြီးသားပဲ။ ဘုရားပွင့်ပေါ်တော့မှ ဒါတွေဟာ အကောင်းတွေမဟုတ်ဘူး။ အဲဒီရောက်ကြောင်းအကျင့်တွေကလဲ အကျင့်မှားတွေဖြစ်တယ်လို့ ဟောတယ်။ ပြီးမှ အဲဒီတွေ ရောက်ကြောင်းအကျင့် ကာမ ရူပ အရူပ ကုသိုလ် ကံတွေသတ်တတ်တဲ့ကံကို အဲဒါတွေကလွတ်မြောက်ရာဆီ ရောက်တဲ့လမ်းအဖြစ် လောကုတ္တရာကံ အရိယမဂ်တရားကို ဟောကြားခဲ့တာပဲ။

ဒါကြောင့် ဘုရားဟောတဲ့ဒါနက ကာမရူပအရူပ အဝစရ ဒဿနဒါန မဟုတ်ဘဲ ကမ္မဒဿနဒါန လောကုတ္တရာဒါနပဲ။ အရိယမဂ္ဂ ဒါနပေါ့။ အရိယမဂ်အင်္ဂါထဲမှာ ဒါနကဘယ်မှာပါလို့လဲ မေးချင်မလားပဲ။ သီလမဂ္ဂင်တွေထဲကလို့ဖြေရမယ်။ သီလမဂ္ဂင်ကို ရှောင်သီလမဂ္ဂင်လို့ရှိသလို ဆောင်သီလမဂ္ဂင်လဲရှိတာပဲ။ ဝါရိတ္တသီလနဲ့ စာရိတ္တသီလမဂ္ဂင်ပေါ့။ ဒါနဟာ စာရိတ္တသီလ မဂ္ဂင်ပဲ။

ဒီကမ္မဒဿနဒါနကို ဘယ်ကိုအာရုံထားပြီးပြုရမယ်မသိဖြစ်ပြီး မပြုတတ်ကြဘူး။ ဒါနပြုတတ်ဖို့ နည်းနည်းပြောရမယ်။ ဗုဒ္ဓဘုရားကို ကောသလဘုရင်က အကျိုးကြီးတဲ့ဒါနကိုဟောဖို့ တောင်းတယ်။ ကောသလကို ဘုရားကမေးတယ်။ စစ်ဖြစ်တဲ့အချိန်မှာ လေးသည်တော်ထမ်းဖို့ခေါ်တာကို မင်းသားလာလျှောက်ရင် ခန့်မလားလို့ပဲ။ သူ လေးကျွမ်းကျင်လားကြည့်ပြီးမှ ခန့်မယ်လို့ ကောသလကပြန်လျှောက်တော့ ဘုရားကမိန့်တယ်။ မင်းသားပဲ၊ မခန့်ဘူးလားလို့ပဲ။ ကောသလက ပြန်လျှောက်တယ်။ လေးမကျွမ်းပဲခန့်ရင် လခပေးရတာ ကုန်ရုံရှိမှာပေါ့လို့ပဲ။ သူတောင်းစားအိုက လာလျှောက်ရင်ကောလို့ ဘုရားကမေးပြန်တယ်။ လေးကျွမ်းရင်ခန့်မယ်လို့ ပြန်လျှောက်တယ်။ သူတောင်းစားအိုကြီးကိုခန့်မှာလားလို့ ဘုရားကပြန်မေးတော့ သူတောင်းစားအို ဖြစ်လည်း လေးကျွမ်းရင်ခန့်မှာပဲလို့ ပြန်လျှောက်တယ်။

လေးသည်တော်ရိက္ခာဟာ လူပေးတာမဟုတ်ဘဲ လေးကျွမ်းကျင်မှုကိုပေးတာဖြစ်သလို အာသဝကုန်ရာဆောင်နိုင်ဖို့ အာသဝကုန်သူကိုပေးတာ အမြတ်ဆုံးဆိုတဲ့သဘောမျိုး မိန့်ကြားထားတာရှိတယ်။ ဒါဟာ ပြုလုပ်မှုနဲ့ဖြစ်ပွားမှုရဲ့ အတိုင်းအထွာ ပမာဏ (ကြိယာမတ္တ) ကြည့်တဲ့ဒါနပဲပေါ့။

ဒါကြောင့် ဒါနအကျိုး ဘုရားက နတ်ပြည်လို့မဟောဘူးဆိုတဲ့ စကားပြောခဲ့တာပဲ။

၄။ ဒီဟောပြောချက်က- “လူကိုသတ်မှပါဏာတိပါတာလို့ပြောတယ်။ တိရစ္ဆာန်သတ်ရင်ကံမထိုက်ပါဘူး။ အစိုးရပစ္စည်းက လူ့ပစ္စည်းမဟုတ်ပါဘူး။ အဲဒါခိုးလို့ကံမထိုက်ဘူး။ ကာမဂုဏ်မှားယွင်းကျက်စားမှုဟာ ကိုယ့်ကာမပိုင်မဟုတ်သူကို မေထုန်ပြုမှုလို့ ရမှာမဟုတ်ဘူး။ ကိုယ့်ဘဝမဟုတ်တဲ့အရာတွေကို မမှန်တာပြောလဲ လိမ်ရာမကျဘူး။ မုသာဝါဒမဖြစ်ဘူး။ လိမ်ကောင်းတယ်။ မူးအောင်မသောက်ရင် အရက်သောက်တာ မိတ်ဆွေပေါလို့ စီးပွားဖြစ်တော့ အကျိုးတောင်ရှိပါသေးတယ်။ ဒီလိုသောက်တာကို ဘုရားက သုရာမေရယလို့ ဟောတာမဟုတ်ပါဘူး” လို့ပဲ။

ဒီဟောပြောချက်က ဂရုဓမ္မသီလ သိက္ခာငါးပါး ဟောပြောချက်က ထုတ်ထားတာတွေဖြစ်မှာပဲ။ ဂရုဓမ္မသီလဟာ လူတွေအလေးအနက်လိုက်နာရမယ့် ရပ်တည်ချက်သီလပဲ။ ဘုရားပွင့်တဲ့အခါကျတော့ ဘုရားက ဒီသီလကို အတည်ပြုပေးတာခံရတဲ့ သီလပေါ့။

အဲဒီမှာ နားလည်ပေးဖို့လိုအပ်တာက ဘုရားမပွင့်ခင်က လူတွေလိုက်နာကြဖို့ သတ်မှတ်အထားခံရတဲ့ သီလရဲ့ အမြင်ဒဿနနဲ့ ဒီသီလဆိုင်ရာ ဗုဒ္ဓဘုရားရဲ့အမြင်ဒဿန ဒီနှစ်ခုမတူရမှာ နားလည်ပေးရမှာပဲ။

ငါးပါးသီလချင်းကတူတယ်။ အဲဒီငါးပါးသီလ လိုက်နာရခြင်းဆိုင်ရာ အမြင်ဒဿနချင်းက ခြားတယ်။ ဘုရားမပွင့်ခင်က ဘုရားရဲ့ဒဿနမျိုးမရှိသေးလို့ လောကမှာရှိတဲ့ဒဿနအမြင်နဲ့ ဒီသီလကိုလိုက်နာကြရလို့ပဲ။ ဘုရားပွင့်လာတော့ ဒီသီလကိုလဲ ရှေးကအမြင်နဲ့လိုက်နာတာမျိုး လိုက်နာမှာလား။ ဘုရားမှာ ရှေးကဒဿနမျိုးထက် မွန်မြတ်တဲ့ဒဿနရှိတာဆိုတော့ အဲဒီ သူ့ ဒဿနကိုမသုံးဘဲ ရှေးကဒဿနနဲ့လိုက်နာမယ်လို့ မြင်လို့ တော်ပါ့မလားပဲ။

ရှေးက ဒီသိက္ခာငါးမျိုးပျက်လို့ လူတွေဖရိုဖရဲဖြစ်ကြတာသိတယ်။ ဒါကြောင့် ဒီသိက္ခာတွေမပျက်စေချင်ကြဘူး။ ပျက်သူကို အနစ်နာစေဆုံးပြစ်ဒဏ်ပေးလဲ ပြစ်ဒဏ်လွတ်ဖို့ တိတ်တိတ်ပုန်းပြီး ဒီသိက္ခာတွေဖျက်ကြတာပဲ။ ဒီလိုနဲ့ ဒီသိက္ခာဖျက်သူကြောက်ရွံ့ဖို့ စိတ်ပြစ်ဒဏ်တွေ သတ်မှတ်အသိပေးကြတာပဲ။ အခုခံစားရတာမလွန်နိုင်ဖြစ်ပြီး နောင်မှဖြစ်မယ်ဆိုတဲ့ စိတ်ပြစ်ဒဏ် ကျော်လွှားသူတွေက ကျော်လွှားကြတာပဲ။ မကျော်လွှားနိုင်သူတွေက နောင်မှဖြစ်တဲ့ပြစ်ဒဏ်ကြောက်ပြီး ဒီသိက္ခာငါးပါးရဲ့ လိုအပ်တဲ့ပမာဏကိုကျော်လွန်ပြီး လိုလို မလိုလို ဒီသိက္ခာဖျက်မှုနား မသီဝံ့တဲ့စိတ္တဇဖြစ်တဲ့အထိ ရှိလာတာပဲ။ နောင်အခါမှာ

ဒါတွေဟာ အတည်တွေဖြစ်လာတာပဲ။

ဗုဒ္ဓဘုရားက ကမ္မဒဿနဖော်ထုတ်သူဆိုတော့ ဒီသိက္ခာတွေဖျက်လို့ဖြစ်တဲ့ စိတ္တဇပြစ်ဒဏ်တွေရဲ့ ပမာဏ ချို့ယွင်းချက်တွေကို ပြက်ပြက်ထင်ထင်သိမြင်သူပေါ့။ ပမာဏချို့ယွင်းတဲ့စိတ္တဇပြစ်ဒဏ်တွေကြောင့် ဒီသိက္ခာငါးပါးရဲ့ ပမာဏ အမှန်က လွန်တာလဲ သိမြင်တော်မူတာပေါ့။

ဒီသိက္ခာတွေဟာ လူတွေဖရိုဖရဲလွင့်ကြဲမကုန်အောင် လိုက်နာရမဲ့သိက္ခာတွေပဲ။ ဒီသိက္ခာတွေရဲ့ ပမာဏမှန်သိဖို့ ရဟန်း သိက္ခာနဲ့ ချိန်ထိုးကြည့်ရမှာပဲ။ လူနဲ့ရဟန်းဟာ သိက္ခာဘယ်သူပိုရှိရမှာ သိကြပြီးသားပဲ။ ဒါကြောင့် လူသိက္ခာရဲ့ အကျယ်အဝန်းနယ်ပယ်ဟာ ရဟန်းသိက္ခာရဲ့အကျယ်အဝန်းနယ်ပယ်ထက် ကျော်ရဖို့မရှိတာ သိသာတယ်။

ရဟန်းမှာ ပယ်ဖျက်လို့မရတဲ့သိက္ခာဟာ ပါရာဇိကကံပဲ။ ဒါဟာ ရဟန်းရဲ့အကြီးဆုံးသိက္ခာပဲ။ ရဟန်းရဲ့အဲဒီသိက္ခာထက် လူ့သိက္ခာအကောက်အယူက ပိုကျယ်ပြောတယ်ဆိုရင် လူက ရဟန်းထက် ပိုမြင့်မြတ်သူဖြစ်သွားလိမ့်မယ်။

ရဟန်းရဲ့အကြီးဆုံးသိက္ခာတွေမှာ ဗုဒ္ဓဘုရားက ရဟန်းများကို ဘယ်လိုအကြောင်းတွေ ပညတ်ထားခဲ့သလဲ။ လူကို မသတ်ရဘူး။ လူ့ဥစ္စာမခိုးရဘူး။ ကိုယ့်အရည်အချင်း မလိမ်ရဘူး။ မေထုန်မပြုရဘူးလို့ပဲ။ လူတွေလိုက်နာဖို့ ဂရုမ္မသီလသိက္ခာ ထဲက မသတ်ရ မခိုးရ မလိမ်ရ သိက္ခာတွေဟာ ရဟန်းရဲ့အကြီးလေးဆုံးသိက္ခာတွေထက် ပိုကြီးနေမယ်ဆို တော်ပါ့မလား။

ရဟန်းသံဃာ့ဘောင်ဟာ လူ့ဘောင်ထက်တင်းကျပ်တဲ့ဘောင်ပဲ။ ရဟန်းဘောင်ဟာ ဒါလောက်လိုက်နာရင် ဘယ်လိုမှ ဖရိုဖရဲ မဖြစ်လို့ ဒီလောက်ပညတ်ထားတာပဲ။ လူ့ဘောင်က ဒီလောက်လိုက်နာတာနဲ့ ဖရိုဖရဲကြဲမှုတွေ ဖြစ်နိုင်သေးလို့လား။ ဒီလိုမဟုတ်နိုင်တာ အထင်အရှားတွေ့ရပါတယ်။ ဒီလိုဆိုရင် ဘယ့်ကြောင့်ဒီသိက္ခာတွေထက်ကျယ်ပြောတဲ့ အဓိပ္ပါယ်တွေလုပ်ချင်ရတာလဲဆိုရင် စိတ္တဇအမြင်နဲ့လုပ်ထားတာတွေ မပယ်ဖျက်တတ်လို့လို့ အဖြေထွက်မှာပါ။

ခုခေတ်မှာ လူသတ်တာထက်ပိုပြီးမသတ်တာတွေ လိုက်နာနေကြရင် လူတွေ အခုလောက်ရှိကောင်းမှ ရှိကြစရာပဲ။ လူကများလာတော့ လူ့အတွက်အဖျက်တွေကိုဖျက်နိုင်မှ လူဖြစ်ထွန်းခွင့်ရှိတဲ့အနေအထား ရောက်နေတာပဲ။ မဖျက်နိုင်ရင် လူ့အတွက်နေရာမရှိဖြစ်နေတာ အထင်အရှားပဲ။

ရဟန်းတို့အတွက် အကြီးဆုံးသိက္ခာတွေထဲက လူ့ဥစ္စာမခိုးရသိက္ခာမှာ လူမဟုတ်သူ နတ်ပိုင် ဘုရားပိုင်ဥစ္စာတွေ မပေးပဲယူတာကြောင့် အဲဒီအပြစ် အဖြစ်မခံရတာပဲ။

ဒါဟာ လူ(ပုဂ္ဂလ)ပိုင်တာ မခိုးဖို့တားတာပဲ။ အဲဒီမှာ နိုင်ငံတော်ဆိုတာဟာလဲ လူ(ပုဂ္ဂလ)မဟုတ်တာဘဲ။ နိုင်ငံတော်ကို အရကောက်ပြပါဆိုရင် မကောက်နိုင်ဖြစ်ကြမယ်။ ဒီလိုမကောက်နိုင်လို့ နိုင်ငံတော်ဆိုတာ မရှိတာလဲမဟုတ်တာဘဲ။ နိုင်ငံတော်ရဲ့ တန်ခိုးအရှိန်အဝါတွေလည်း မသိချင်အဆုံးသိနေကြရတယ်။ ဆဲလ်တွေအချိုးကျကျ စုပေါင်းဖြစ်တည်နေတာက လူ၊ လူတွေ စုပေါင်းပြီး အချိုးကျကျလှုပ်ရှားနေတာက နိုင်ငံတော်ဆိုရင် နိုင်ငံတော်ဟာ လူမဟုတ်တော့ဘူး။ နိုင်ငံတော်ဆိုတာ အသက်ဝင်နေတဲ့အကောင်တစ်ကောင်ဖြစ်တာတော့ အမှန်ပဲ။ လူမဟုတ်ဘဲ လူကသိဖို့ခက်တဲ့အကောင်ဟာ နတ်ပဲ။ အဲဒီနတ်ရဲ့ပစ္စည်းဟာ လူ့ပစ္စည်းမဟုတ်တာဘဲ။

လောကမှာ လူ့ပစ္စည်းမပေးဘဲယူသူနဲ့ နတ်ပစ္စည်းမပေးဘဲယူသူလို့ နှစ်ဦးရှိတယ်ဆိုရင် အဲဒီနှစ်ဦးမှာ ဘယ်သူဟာ လောကစက်ဆုတ်ရွံမုန်းခံရသလဲ။ စက်ဆုတ်ရွံမုန်းရတဲ့ အတိမ်အနက်ဟာ အတူပဲလား။ ဒါကိုကြည့်ပြီး နတ်ပစ္စည်း မပေးဘဲယူတာဟာ အပြစ်လို့ပြောလောက်တဲ့ အလေးအနက်အပြစ်အဖြစ်သတ်မှတ်တာဆိုရင် ရဟန်းသိက္ခာက အပြစ်သတ်မှတ်ချက်ထက် ပိုလွန်တဲ့သတ်မှတ်ချက်ပေါ့။

ကိုယ့်ဘဝမဟုတ်တဲ့ မမှန်ရာပြောတာလဲ ရဟန်းသိက္ခာထက်လွန်တာပဲ။ ရဟန်းသိက္ခာကြီးထက် လူလိုက်နာရမဲ့ သိက္ခာက လွန်ရစရာမရှိတာဘဲ။ ဒါကြောင့် ကိုယ့်ဘဝမဟုတ်တဲ့လိမ်တာတွေဟာ ဂရုမ္မ မလိမ်ရသိက္ခာ မပျက်တာဘဲ။

မုသာမပါလက်ာမချောလို့အထိ လူတွေကပြောရတာပဲ။ အလင်္ကာစကားဟာ မဟုတ်တာတွေပဲ။ ပညာရင်နို့ သောက်စို့တယ်ဆိုတဲ့ အလင်္ကာစကားဟာ ပညာက နို့လည်းမဟုတ်ဘူး။ စို့လို့လည်းမရဘူး။ ဒါပေမဲ့ ဒီလိုမဟုတ်တာတွေ မရတာတွေဖြစ်ပေမယ့် လင်္ကာချောတယ်မဟုတ်လား။ ဒီလိုပြောနိုင်သူပဲ ပညာရှိလုပ်ရတာပဲ။

ကာမဂုဏ်မှားယွင်းကျက်စားမှုဟာ ကိုယ့်ကာမပိုင်မဟုတ်သူကို မေထုန်ပြုမှုလို့ပဲ နားလည်နေကြတယ်။ အဲဒီလိုလောက် ဟုတ်မှာမဟုတ်တာ သိသာတယ်။ ကိုယ့်ကာမပိုင်ဖြစ်ဦးတော့တောင်မှ အဲဒီကာမပိုင်ကစိတ်မပါဘဲ မေထုန်လုပ်ရင် အဲဒီ မေထုန်မှုဟာလဲ ကာမဂုဏ်မှားယွင်းကျက်စားတဲ့ မေထုန်မမြောက်တဲ့မေထုန် ဖြစ်မှာပဲ။ မေထုန်ဆိုတာ နှစ်ဦးစိတ်တူမှုရဲ့အမည်ပဲ။ ဒါကြောင့် ကိုယ့်ကာမပိုင်မှာလဲ ကာမဂုဏ်မှားယွင်းကျက်စားမှုဖြစ်လို့ ဒီဟောပြောချက်ထွက်လာတာပဲ။

မူးအောင်မသောက်ရင် အရက်သောက်တာမိတ်ဆွေပေါလို့ စီးပွားဖြစ်တော့ အကျိုးတောင်များပါသေးတယ်။ ဒီလိုသောက်တာကို ဘုရားက သုရာမေရယလို့ဟောတာမဟုတ်ဘူး။ ဟောတာက ဂရုမ္မရဲ့အဲဒီသိက္ခာပုဒ်ဟာ သုရာမေရယ ပါနာ ဝေရာမဏီ လို့လာတာမဟုတ်ဘဲ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီပဲ။ မေ့လျော့တဲ့ဌာနအထိ သုရာမေရယတွေကို ရစ်မူးမှုမှ

ရှောင်ကျဉ်ရမယ်လို့ အဓိပ္ပါယ်ရှိတာပဲ။

ဒါကို လွယ်လွယ်သဘောတူ သေရည်သေရက်သောက်ခြင်းကရှောင်ပါ၏ လုပ်တော့တာပဲ။ မဇ္ဈကေ ရစ်မူးတာပြောပြီး ပမာဒဌာနာက အထက်ကခံယူထားတဲ့သီလကောင်းမှုတွေ မေ့ရာရောက်အောင်လို့ အဓိပ္ပါယ်ရှိတာကို ပိုပိုကဲကဲ အရက်နဲ့ကိုမခံဖို့ အထိ ဖြစ်တာပဲ။

အရက်ဟာ ကောင်းချင်မှပဲကောင်းပါမယ်။ ဒါပေမဲ့ လူ့အတွက် ဘယ်လိုမှမလိုအပ်တာလဲ ဟုတ်ကောင်းမှဟုတ်မှာပဲ။ အရက်ဟာ နည်းနည်းလေးထဲမှာ ကယ်လိုရီတွေအများအပြားပါဝင်တယ်။ ကောင်း မကောင်း မေ့တဲ့အထိသောက်ရင်တော့ မကောင်းတာပဲ။ ဒီလိုမဟုတ်ရင်တော့ မသောက်ကောင်းတာမဟုတ်လို့ ဒီလိုဟောလိုက်တာဖြစ်မှာပဲ။

၅။ ဒီအချက်က "နတ်ပြည်ရဲ့တည်နေရာက မြင့်မိုရ်တောင်ပဲ။ ဒီတောင် ကမ္ဘာ့ပထဝီမှာ တကယ်မရှိတဲ့တောင်ပဲ။ ဒါကြောင့် ဒီလောက်ယုတ္တိမရှိတဲ့အရာလို့ပဲ ပြောပါရစေ" လို့ပဲ။

နတ်နဲ့စပ်ပြီး အမှတ် ၂ ဟောချက် အကျယ်ပြချက်နဲ့ပေါ်လွင်ပြီပဲ။ နတ်ခြောက်ထပ်လို့လုပ်ပြီး အောက်နှစ်ထပ်ကို မြင်းမိုရ်တောင်ထိပ်နဲ့ ခါးပမ်းမှာထားတော့ အဲဒီတောင်မရှိမှတော့ အဲဒီနတ်ပြည်တွေ ပြောစရာမရှိတာပေါ့။

အဲဒီတောင်ကလဲ သာမန်မျက်စိနဲ့မမြင်ရတဲ့ ကမ္မဇရုပ်၊ စိတ္တဇရုပ်တွေနဲ့ ဖွဲ့စည်းထားတဲ့တောင်မဟုတ်ဘူး။ ရိုးရိုးမြေတွေ ကျောက်တွေဖြစ်တဲ့ ဥတုဇရုပ်တွေနဲ့ ဖွဲ့စည်းထားတဲ့တောင်ပဲ။ ဒီတောင် ရေထဲကပေါက်လာတဲ့တောင်ပဲ။ ရေမျက်နှာပြင် အထက်မှာ ယူဇနာပေါင်းရှစ်သောင်းလေးထောင်မြင့်တယ်။ အဲဒီမှာ တစ်ယူဇနာကလဲ အခုခေတ် အတိုင်းအထွာ နဲ့ဆို ၁၂ မိုင်ကျော်ရှိတယ်။ အခုလူတွေဟာ ကမ္ဘာရဲ့ပမာဏကို အတိအကျသိပြီးနေကြပြီပဲ။ ကမ္ဘာ့အချင်းဟာ မိုင်ရှစ်ထောင် လောက်ပဲ ရှိတာပဲ။

ဗုဒ္ဓဘုရားဟာ ကမ္မဝါဒဒဿနရှိသူပီပီ လူတွေကိုမွေ့နှောက်ဒုက္ခရောက်စေတဲ့ မသိနိုးနား ကောင်းနိုးရာရာထင်ပြီးလုပ်နေကြတဲ့ ကံတွေရဲ့ အဿာဒ ခံစားချက်မှုန်မှုန်ကလေးထဲမှာ ရစ်မူးမနေကြဘဲ အာဒီနဝ အဆိပ်အတောက်တွေကို မြင်စေတယ်။ ကံခပ်သိမ်းတို့ဇာတ်သိမ်းပြီး အေးငြိမ်းလွတ်လပ်ရာကိုပြတဲ့ လုပ်ရပ်တစ်ခုတည်းကိုပဲ မနိုင်မနင်း တပည့်သံဃာ ဒကာဒကာမ အများကိုထူထောင်ပြီး ဝိုင်းဝန်းအားထုတ်တဲ့လုပ်ငန်းတောင် တည်မိတယ်ဆိုရယုံလောက်နဲ့ မအားမလပ်နိုင်သူဖြစ်တယ်။ ကမ္ဘာအကြောင်း၊ တောတောင်အကြောင်း၊ သစ်ပင်နဲ့တိရစ္ဆာန်အကြောင်း၊ လူမျိုးအကြောင်း၊ နိုင်ငံအကြောင်း၊ ငရဲပြည် နတ်ပြည် ဗြဟ္မာပြည်တွေ အကြောင်းတွေကို ကံအကြောင်းပြောတဲ့အခါ စကားအဖြစ် လိုအပ်လို့ ပြောရတယ်။ အဲဒီအကြောင်း ပြောရာမှာလဲ ရှေးကပြောရိုးစကားအဖြစ်ပဲပြောပြီး သူ့အမြင်အဖြစ် လုံးလုံးမတွေ့နိုင်တာတွေပဲ။

အခုလိုကမ္မဝါဒဒဿနက စကားအဖြစ်ပြောဖို့ရာလောက်ဖြစ်ပြီး အရှိမဲ့ဒဿနလွှမ်းမိုးလာတဲ့အခါမှာ အသိမျက်စိ အကွယ်ခံရတဲ့အဖြစ်ရောက်တော့ အမှန်းကမ္ဘာ၊ အမှန်းသိတာတွေနဲ့ တောတောင်တွေအမှန်းသစ်ပင်နဲ့ ဂဠုန်နဂါးစတဲ့တိရစ္ဆာန်၊ အမှန်းစကြာမင်းနိုင်ငံရေး၊ အမှန်းငရဲပြည် နတ်ပြည် ဗြဟ္မာပြည်တွေဟာ ဗုဒ္ဓဘုရားဟောခဲ့တာတွေကို မှတ်တမ်းတင်ထားတဲ့ ဧဝံမေသုတံ နိဒါန်းခံထားရတဲ့ဟောချက်တွေထဲ တစ်စိတ်ဝင် တစ်ဖဲ့ဝင် တစ်ခုနှစ်ခုဝင်နဲ့ ကမ္မဝါဒဒဿနအမြင်မရှိသူတို့အမြင်မှာ ဘုရားဟောအစစ်လို့ မထင်အောင်မတတ်နိုင်ဖြစ်ပြီး ဒါတွေနဲ့နပမ်းလုံးနေကြရတာပဲ။

ဒါကြောင့် ဒီတောင်နဲ့စပ်လို့ ယုတ္တိမရှိတဲ့အရာလို့ ဟောပြောခဲ့တာဖြစ်မှာပဲ။

၆။ ဒီအချက်က "ဘယ်တရားမှမရချင်နေ၊ ရှေးဘဝနောက်ဘဝတော့ မတွေးရဘူး။ ရှေးဘဝနောက်ဘဝတွေးတဲ့သူဆိုရင် မိစ္ဆာဒိဋ္ဌိလို့ဆိုပြီးသကာလ ကျုပ်တို့နဲ့ပဋိပက္ခအရာမှာရှိတယ်" ဆိုတာပဲ။

ဘယ်တရားမှမရချင်နေ၊ ရှေးဘဝနောက်ဘဝတော့ မတွေးရဘူးဆိုတာက ကာမတရားကလဲတရား၊ ရူပအရူပတရားတွေကလဲ တရားတွေမဟုတ်လား။ အဲဒီတရားတွေက တရားတွေလို့သာပြောနေရတာ။ လွတ်မြောက်တဲ့တရားတွေတော့ မဟုတ်ကြဘူး။ အဲဒီတရားတွေရဖို့ဆိုရင် ရှေးဘဝနောက်ဘဝတွေ ဖြစ်နဲ့မဖြစ် တစ်မျိုးမျိုးတွေးမှ ရမှာတွေပဲ။

အဲဒါတွေတွေးရင် ရှေ့ဘဝနောက်ဘဝဖြစ် လို့ တွေးတာက သဿတမိစ္ဆာဒိဋ္ဌိ၊ မဖြစ်လို့ တွေးတာက ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိတွေ ဖြစ်တယ်။ အဲဒီအတွေးတစ်မျိုးမျိုးတွေးမှ ကာမ ရူပ အရူပ တရားတစ်မျိုးမျိုးက ရမှာဆိုတော့ အဲဒီတရားတွေတစ်မျိုးမျိုးရတာနဲ့ မိစ္ဆာဒိဋ္ဌိအဖြစ်ခံရတယ်။ မိစ္ဆာဒိဋ္ဌိအဖြစ်ခံရတာက ဆိုးတာပဲ။ ဒီတော့ အဲဒီတရားတွေ ဘာမှမရချင်နေပါစေ မိစ္ဆာဒိဋ္ဌိတော့ အဖြစ်မခံသင့်တာဆိုတော့ အဲဒီလိုဟောတာပဲ။

ကာမရူပအရူပ တရားတစ်မျိုးမျိုးရနေရင် လူတွေရဲ့အလယ်မှာ အတော်အတန်လူရာဝင်ပြီး လူလုံး ထည်နေကောင်း နေမှာပဲ။ ဒါပေမဲ့ မိစ္ဆာဒိဋ္ဌိလဲဖြစ်မှာပဲ။ အဲဒီတရားတွေရနေရင် အဲဒီတရားတွေကို ဧတံမမ ဆိုပြီး အဲဒီတရားတွေဟာ ငါ့တရားတွေပေါ့၊ ဧသောဟမသ္မိ အဲဒီတရားတွေဟာ ငါပဲပေါ့၊ ဧသောမေအတ္တာ အဲဒီတရားတွေဟာ ငါ့ရဲ့ကိုယ်ထည်အတ္တပဲပေါ့ လို့ ကလဲ လုပ်ရမှာပဲ။ အဲဒီတော့ ဒိဋ္ဌိကလဲ ဖြစ်တော့တာပေါ့။

အဲဒီတရားတွေရလို့ လူလုံး ထည်ရတာကကောင်းသလား၊ မိစ္ဆာဒိဋ္ဌိအဖြစ်ခံရတာက ကောင်းသလားဆိုရင်

ဘုရားရဲ့တပည့်တစ်ယောက်အနေနဲ့ စဉ်းစားကြည့်ဖို့ပဲ။ မိစ္ဆာဒိဋ္ဌိဖြစ်ရင် ရပ်ပြစ်ရှစ်ပါး ဝင်သူတစ်ယောက်ဖြစ်လို့ ဗုဒ္ဓပူဇနဝမခဏဆိုတဲ့ ဘုရားပွင့်တဲ့ ကိုးခုမြောက်အခွင့်အရေးဟာ အပျောက်ခံရတော့တာပဲ။ အရိယာတရား ဘယ်လိုရပါတော့မလဲ။ ဒါကြောင့် တရားရသူများရဲ့ ပဋိပက္ခအရာမှာရှိတာဖြစ်လို့ ဒီဟောပြောချက် ဟောပြောတာပဲ။

၇။ ဒီအချက်က "ဆဋ္ဌသင်္ဂါယနာတင်ပွဲဟာ ဦးနုနဲ့ ဖဆပလအဖွဲ့တို့ ဦးဝိစိတ္တတို့ မဟာစည်တို့ ညောင်ရမ်းတို့ ဂုဏ်သိက္ခာတွေ ရတာကလွဲလို့ တခြားအကျိုးကတော့ မပြောပလောက်ပဲဖြစ်တယ်" လို့ ဟောပြောချက်ပဲ။

မြန်မာပြည်မှာ သာသနာနှစ် ၂၅၀၀ ပြည့်ခါနီးက ဆဋ္ဌသံဂါယနာတင်တယ်။ အဲဒီအခါက ငယ်သေးတယ်ဆိုတော့ အုန်းအုန်းကြွက်ကြွက်ဖြစ်တာပဲသိတာပဲ။ ကြီးလာတော့ မြင်ရကြားရတာတွေ ပေါင်းကြည့်တဲ့အခါ ဖဆပလနဲ့ သူပုန်ကွန်မြူနစ်တွေတိုက်နေတာ သူပုန်အင်အားက ကြီးမားနေတယ်။ သံဂါယနာပွဲဟာ တိုင်းပြည်ထဲက ရွာကြီးတွေကဘုန်းကြီးတွေအထိ သံဂါယနာတင်ရာမှာ ပါကြတယ်။ အားကြီးတဲ့သူပုန်ဟာ သံဂါယနာ လူထုလှုပ်ရှားမှုအရ အားပျက်ရတာသိရတယ်။ သံဂါယနာဟာ ကွန်မြူနစ်ဆန့်ကျင်တဲ့ ဝါဒရေးရာပေါ့။ သံဂါယနာဟာ ငွေကြေးအတော်ကုန်မှာပဲ။ တိုင်းပြည်လွတ်လပ်ခါစ ဓနဘဏ္ဍာနည်းနေတုန်းမှာ ဒီလိုငွေသုံးတာ ကောင်းပါ့မလားဆိုတော့ ကွန်မြူနစ်တိုက်ခိုက်ရေးအရ ကောင်းတာပဲလို့တွေ့ရတယ်။ ပါဝင်သူတွေလဲ ဂုဏ်သိက္ခာတက်တာ တွေ့ရတာပဲ။

သာသနာအကျိုးဘက်က ဘာတွေရသလဲလို့ကြည့်တဲ့အခါ နကိုကဒီစာဟာ ဒီစာပါပဲ။ အဲဒီစာရဲ့ မြန်မာပြန်လည်း ဒီလိုလိုပါပဲ။ အဋ္ဌကထာတွေလဲဒီလိုပဲ။ စာအုပ်ခေတ်ရောက်တော့ စာအုပ်တွေဖြစ်လာတာပေါ့။ အဲဒီကမဖြစ်လဲ တခြားတွေက ဒီလိုဖြစ်လာမှာပါပဲ။

သံဂါယနာဆိုတဲ့အကြောင်းကြောင့် သာသနာဟာ နကိုကထက် ပိုမြင့်လာတာ ပြစရာမရှိတာဘဲ။ ကိုယ်ကျင့်သိက္ခာတွေလဲ လူရောရဟန်းပါ ပိုမြင့်လာတာ၊ အတွေးအသိတွေပိုမှန်ပြီး ပိုရှိလာတာ မတွေ့ရတာဘဲ။ သာသနာဟာ ရှေးအခါကလဲ ဘာမှမရှိရာဆီရောက်အောင်လုပ်ပြီး ရောက်အောင်ဆုတောင်းနေကြတယ်။ သံဂါယနာတင်ပြီးလဲ ဒီအတိုင်းပဲ။ သာသနာဟာ သာသနာကပြတဲ့ သက္ကာယဒိဋ္ဌိက လွတ်ဖို့ပြောတာမှာ လူက မလွတ်ဘဲ ရှေးကလဲဒီလို၊ သံဂါယနာတင်ပြီးလဲဒီလိုပါပဲ။ သာသနာဟာ ယံကိဉ္စိရူပံ ယာကာစိဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ တံသဗ္ဗံ နေတံမမ နေသောဟမသ္မိ နမေသောအတ္တာ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ လို့ရှိပေမဲ့ သံဂါယနာ မတင်ခင်ကလဲ ကံတွေဟာ ကိုယ်ဟာတွေပဲမှတ်တာ ကမ္မသကတာသမ္မာဒိဋ္ဌိ၊ သံဂါယနာတင်လဲ ဒါ ကမ္မသကတာသမ္မာဒိဋ္ဌိပဲ။

သံဂါယနာမတင်ခင်က အဋ္ဌကထာက ပဋိစ္စသမုပ္ပါဒ်ကို ဒေသနာနဲ့ ဆရာတွေနည်းမှီးဖွင့်မယ်။ ပစ္စယာကာရ ဝဏ္ဏနံ ပတိဋ္ဌံ နာဓိဂစ္ဆန္တိ ပဋိစ္စသမုပ္ပါဒ်ကို သူထောက်တည်လို့မမှီဘူး။ သူသာမဟုတ်ဘူး၊ သစ္စံ သတ္တော ပဋိသန္ဓိ ပစ္စယာကာရမေဝ စ ဆိုပြီး ရှေးဆရာတွေလဲ ဟီးချပြီးငိုးကြရတယ်ပြောပြီး ဖွင့်ခဲ့တဲ့ပဋိစ္စသမုပ္ပါဒ်ဟာ သံဂါယနာတင်ပြီးလဲ ဒီအတိုင်းပဲ။

သံဂါယနာမတင်ခင်က သာသနာတော်ဝန်ထမ်းတွေရဲ့ ကိုယ်ကျင့်စာရိတ္တဟာ သာသနာအတွင်း အာဏာသွင်းပြီး မတ်ပေးထားရသလို သံဂါယနာတင်ပြီးလဲ သာသနာ့ဝန်ထမ်းတွေရဲ့ကိုယ်ကျင့်စာရိတ္တဟာ အာဏာသွင်းဖို့မလိုဘဲ ဖြစ်လာသလား။ အဲဒါတွေကြောင့် တခြားအကျိုးတွေကတော့ မပြောပလောက်ဘူးလို့ ဟောတာပဲ။

၈။ အဲဒီအချက်ကတော့ "အရဟံ ဆိုပါတော့။ အေးသည်စာတွေက သိပ်မြင့်တယ်။ ငါတို့နဲ့မတန်ဘူး။ မတန်မရာတွေကို တို့လူတွေ ရွတ်ဆိုနေမိကြတာပဲ။ သည်စာတွေက စိတ္တဇဖြစ်တယ်။ ဘုရားကို အထင်ရောက်သွားတော့ စိတ္တဇအပြစ်ဖြစ်စေတယ်။ အပြစ်ကကြီးတယ်။ ဗုဒ္ဓဘာသာမဟုတ်တော့ဘူးလို့ဖြစ်တယ်" လို့ပဲ။

မန္တလေးတစ်ဖက်ကမ်းက စစ်ကိုင်းမင်းကွန်းတောင်တန်းမှာ ရွှေမြင်တင်တောင်ဟာ အမြင့်ဆုံးတောင်ပဲ။ အဲဒီမှာ ရွှေမြင်တင်ဘုရားနဲ့ အာရုံခံလဲ ရှိပါတယ်။ အဲဒီမှာ ဂန္ဓာရီဂိုဏ်းလုပ်ကြသူတွေလဲ လာရောက်ပုတီးစိတ်နေတာကို အဲဒီမှာနေစဉ်က မပြတ်ကိုတွေ့ရပါတယ်။ သူတို့ဟာ ဘာမှအသိရှိကြလှသူတွေ မဟုတ်ဘူး။ စိတ်ဓာတ်ကျပြီး လူ့အပြင်ဖက်ထွက်နေကြသူတွေပဲ။ စိတ်ဓာတ်ကျတာဟာ လူ့ကျင့်ဝတ်မှာ အပိုအလိုကံတွေ ပြုမိနေလို့ပေါ့။

ကံမသိမှတော့ ဗုဒ္ဓဘုရားလည်း ဘယ်လိုသိပါ့မလဲ။ မသိလဲ အရဟံဟာ ဘုရားရဲ့ဂုဏ်ဆိုပြီး အရဟံကိုပုတီးစိတ်တာပေါ့။ ပုတီးစိတ်ရွတ်ဆိုတယ်ဆိုတာ ပုတီးစိတ်ရွတ်ဆိုရတာကိုသိဖို့မဟုတ်ဘဲ အဲဒီမှာစိတ်ငြိမ်နေဖို့ပဲ။ စိတ်ငြိမ်ရင် လောဘဒေါသမောဟ အမျက်တွေ မထွက်တော့ပါဘူး။ ဒီတော့ လူ့ဟန်ဟာ ပြောင်းသွားတယ်။ ဒီတော့ ဒီလူဟာ လူတွေအတွင်း သောကသွင်းတဲ့သူ မဟုတ်ဘူးလို့ လူတွေရဲ့မှတ်ယူတာခံရသူဖြစ်လာတယ်။ ဒါကြောင့် သူ့ကို စိတ်ချပြီးပေါင်းကြတယ်။

လူဟာ အလိုအမျက်မပါဘဲ ပြောသူပြုသူပြသူဆိုပါတော့။ လူရဲ့ရှေ့ရေးနောက်ရေး တာဝန်ပေးတာတွေအရ သူ့ကို လေးမြတ်ရှိသေပြုကြတာပေါ့။ အဲဒီမှာ လိုတာထက်ပိုတဲ့ ရင်းနှီးမှုတွေကိုသူရပြီး သူ့ကိုယ်သူ ငါမှငါပဲဖြစ်ပြီး စိတ္တဇဝင်တော့တာပဲ။ တဏှာမာနဒိဋ္ဌိ ဖြစ်တာပေါ့။

အရဟံဟာ ဘုရားရဲ့ဂုဏ်ဖြစ်ပေမဲ့ ဘုရားမသိဘဲ အရဟံပဲသိတော့ အရဟံဟာ အရဟံမဟုတ်တဲ့ အခြားစကားလုံး

တစ်ခုနဲ့ တန်းတူပဲ။ ဘုရားဂုဏ်တော်က ဒီလိုအတွက် ဒီလိုတွေလုပ်ရမှာ မဟုတ်တာကြောင့် သိပ်မြင့်တယ်၊ မတန်ဘူးပြောတာပဲ။

အရဟံဟာ ဗုဒ္ဓဘုရားရဲ့အလံပဲ။ အလံဟာ အလံရှင်မသိဘဲ အလံပဲသိလို့ ဘယ်လိုလုပ်လေးနက်မှာလဲ။ ဘုရားလက်ထက် ဘုရားသိကြပြီးတဲ့ရဟန်းတွေ စိတ်ခါတ်ကျပြီး သာသနာငြိုးငွေ့ကြောက်ရွံ့ဖြစ်ရင် ဒါတွေပျောက်ဖို့ ဘုရားက သူ့အလံဖြစ်တဲ့ ဒီဂုဏ်ကို အောက်မေ့ခိုင်းတာပဲ။ ဒါတောင် ရွတ်ဆိုခိုင်းတာမဟုတ်ဘူးပဲ။

သုံးကြိမ်ရှစ်ခိုးရမှာကို အကြိမ်တစ်ရာတစ်ထောင်ရှစ်ခိုးရင် ရှစ်ခိုးတာဟာ မကောင်းတာမဟုတ်ပေမယ့် ကောင်းတာ ဖြစ်ပါဦးမလား။ စိတ္တဇသမားပဲဖြစ်မှာပဲ။ စိတ္တဇသမားဖြစ်ပြီဆိုရင် ဗုဒ္ဓဘုရားကိုဆည်းကပ်နိုင်ပါတော့မလား။ ဒါကြောင့် ဒီစကားတွေပြောရတာပဲ။

၉။ ဒီအချက်က “တရားဓမ္မဆွေးနွေးတဲ့အခါ ပရမတ်တွေမပြောစေချင်ဘူး။ ပရမတ်တွေဟာ တရားမဟုတ်လို့ပဲ” လို့ပါပဲ။

ပရမတ်တွေဟာ တရားမဟုတ်ဘူးလို့ကြားရတာ ကျေနပ်ကြမှာမဟုတ်တာဘဲ။ ပရမတ်တွေလဲ တရားတော့တရားပါပဲ။ ဒါပေမဲ့ ဘုရားရှင်ဟောကြားတဲ့တရားမဟုတ်တဲ့အတွက် ဗုဒ္ဓဘာသာဘက်ကပြောသူအနေနဲ့ ပြောတာဖြစ်လို့ တရားမဟုတ်ဘူး ပြောတာပဲ။

ပရမတ်တရားဟာ ဗုဒ္ဓဘုရားညွှန်ပြခဲ့တဲ့တရားမဟုတ်ကြောင်း အာဂမ အဖြစ်ပြောရင် ဧဝံမေသုတံ နိဒါန်းခံတဲ့ ဘုရားဟော ဒေသနာတွေမှာ ဘယ်မှမပါတာပဲ။ ပရမတ်တရားဟာ ပရမတ္ထသစ္စာတွေပဲ။ ဘုရားက ပရမတ္ထသစ္စာမဟောဘဲ အရိယသစ္စာပဲ ဟောတာပဲ။

ပရမတ္ထသစ္စာဟာ လောကရဲ့ အခြေခံအကျဆုံးအစိတ်အပိုင်း အမှန်ပဲ။ လူထဲမှာ အဲဒီအစိတ်အပိုင်းအမှန်ဖြစ်တဲ့ ပရမတ္ထသစ္စာတွေရှိတာပဲ။ အဲဒါတွေဟာ သူ့နိယာမအတိုင်း ဖြစ်လိုက်ပျက်လိုက်တွေ ဖြစ်နေမှာပေ့ါ။ သူတို့ရဲ့ဖြစ်တာပျက်တာက လူကို အနှောင့်အယှက်မပေးဘူး။ အကြောင်းအားလျော်စွာ ဥတု အာဟာရ ဖောက်ပြန်တာရရင်တော့ ဖောက်ပြန်ဖြစ်ပွားမှာပေ့ါ။ ဒါဟာ လူ့အတွက်မပြောလောက်တဲ့ဟာပဲ။ ဒီနေ့ ကားတွေရထားတွေပျက်သလိုပေ့ါ။ ပျက်တော့ပျက်ပေမဲ့ ပျက်လို့ပြင်ရတဲ့ ဒုက္ခထက် ကောင်းလို့သုံးရတဲ့သုခက အဆမတန်များတာပဲ။

နာဖျား မကျန်းမာ သေကြေတာတွေတောင် ပရမတ်ပျက်မဟုတ်သေးတာဘဲ။ သမုတိသစ္စာပျက် ပျက်တာပဲ။ အဲဒါတောင် ကားတွေရထားတွေလို ကောင်းလို့သုခကပိုများတာပဲ။ ဒါကြောင့် ဒါတွေမှာ အဖြစ်မခံချင်ဘူး။ ပရမတ်တွေကလွတ်ချင်တယ်ဆိုပြီး ပရမတ်ကိုတရားရှု လုပ်တာတော့ အတော်လွန်တာပဲ။ ပရမတ်တွေကလွတ်ချင်ရအောင် လွတ်တဲ့သူကဘယ်သူမို့လဲ။ ဘာမှမရှိတာဆိုရင် မရှိချင်တဲ့အတိုင်း မရှိအောင်လုပ်ပြီးတဲ့အခါ ဘယ်သူ့မှာမရှိတာလဲဆိုတဲ့ စကားအဖြေပြစရာမရှိတဲ့သူ ဖြစ်မှာပဲ။ ဒီလိုဆိုရင် မရှိဆိုတာလဲမရှိ ဖြစ်မှာပဲ။ အကြောင်းကတော့ မရှိဆိုတာ ကြိယာစကားလုံးပဲ။ အဲဒီအမူအရာရှင် မရှိသူ ကတ္တားမရှိလို့ပဲ။ ဒါကြောင့် မရှိချင်ပေမဲ့ မရှိတာကမရှိဖြစ်နေလို့ မရှိတာ မဖြစ်တာပဲ။

ပရမတ်က လူကိုဒုက္ခပေးတယ်ထင်ပြီး ပရမတ်တွေငြိမ်းအောင် ပရမတ်တွေရှုတာ တရားမဟုတ်ပါဘူး။ တရားမဟုတ်ဘူးဆိုတာ ဘုရားတရားမဟုတ်ပါဘူး။ အရှုပ ဝိဘဝတဏှာထပြီး ခါတ်ကျတဲ့စိတ္တဇတရားဖြစ်တာပဲ။ ဒါကြောင့် တရားဓမ္မ ဆွေးနွေးတဲ့အခါမှာ ပရမတ်တွေအကြောင်း မပြောစေချင်ဘူးလို့ ပြောတာပဲ။

ပရမတ်ကို ရှေးအခါက တရားထင်ပြီး ကျင့်ကြံပြသနေကြတာပဲ။ ဗုဒ္ဓဘုရားမဖြစ်မီက တရားရှာရာမှာ အာဠာရတို့ ဥဒကတို့ဆီရောက်ပြီး ပရမတ်တွေကို တရားအဖြစ်ပြတာရပြီး အရှုပ ပေါက်ခဲ့တာပဲ။ သေမလောက်အရောက်မှာမှ အဲဒါကိုစွန့်ပြီး ပရမတ် တရားလုပ်တာက လွတ်ခဲ့တာပဲ။

လူဒုက္ခရောက်တာတွေကလွတ်ဖို့ တရားရှာရာမှာ လူကဒုက္ခပေးတယ် ထင်လို့ထင်။ လူ့အစိတ်အပိုင်း ပရမတ်တွေက ဒုက္ခပေးတယ်လို့ထင် ဖြစ်ကြရာက နောက်ဆုံးမှာ ဗုဒ္ဓဘုရားက အဲဒါတွေ လူကိုဒုက္ခဖြစ်စေတာမဟုတ်ဘူး၊ လူကိုဒုက္ခဖြစ်စေတာတွေက လူတွေဟုတ်လိမ့်နိုးနိုးနဲ့လုပ်ကြတဲ့ ကိုယ်နှုတ်နှလုံးအမှုတွေက လူနဲ့မတော်မတဲ့ အပိုအလွန်တွေ ဖြစ်တဲ့အထိ နစ်ဝင်ကျူးကျော်သွားမှုတွေက လူကိုဒုက္ခဖြစ်စေတာလို့သိတော့ ဒီအသိဟာတရားပဲ။ ဒီတရားဟာ မဂ္ဂအရိယသစ္စာ တရားပဲ။ ဒီတရားနဲ့အသိခံရတဲ့အရာတွေဟာ လွန်ကျူးမှုဖြစ်စဉ်တွေပဲ။ ဒါကဒုက္ခအရိယသစ္စာပဲ။ ဒါမသိတော့ ဒုက္ခလိုလား အားပေးတာ သမုဒယအရိယသစ္စာပဲ။ ဒုက္ခအရိယသစ္စာသိတော့ ဒုက္ခမလိုလားဖြစ်ပြီး ဒုက္ခငြိမ်းတာ နိရောဓအရိယသစ္စာပဲ။

ဒီအရိယသစ္စာစက်ကိုလည်စေတဲ့ မဂ္ဂအရိယသစ္စာတရားဟာ အရိယသစ္စာပြတရားပဲလို့ ဘုရားပွင့်ပေါ်မှ ဒီအရိယသစ္စာ ကိုဖေါ်နိုင်တာဖြစ်လို့ ဗုဒ္ဓဘာသာဝင်တွေဟာ အရိယသစ္စာပဲ ဆွေးနွေးရမှာပဲ။ ဒါကြောင့် ပရမတ်တွေ တရားမဟုတ်ဘူး ဟောတာပဲ။

၁၀။ ဒီအချက်က “သည်လိုဆိုရင် သည်စာသင်တိုက်ကြီးတွေဟာ တလွဲဖြစ်ထွန်းနေတာမို့ ဗုဒ္ဓဘာသာတရားဓမ္မ အရ လိုလားစရာမဟုတ်ဘူး” လို့ ဟောထားချက် ထုတ်ထားတယ်။

ဒီထုတ်ထားချက်က သည်လိုဆိုရင်ဆိုတဲ့ စကားရဲ့အနက်ပြချက်က မပါပဲပြထားခံနေရတယ်။ သည်လိုဆိုရင်ဆိုတဲ့

စကားရဲ့ရှေ့ကပြတဲ့ စကားဝါကျလိုနေတော့ ဘယ်လိုဆိုတာကို သည်လိုဆိုရင်လို့ပြောတာ မသိရဘူးပေါ့။

ဥပမာအားဖြင့် ဒီလိုဖြစ်နိုင်ပါတယ်။ စာသင်တိုက်ကြီးတွေမှာစာသင်ရလို့ စာတတ်တော့ စာတတ်ချင်သူကို စာသင်ပေးနိုင်တာ ဖြစ်တယ်ဆိုရင် စာပေသင်ယူတာ စာပေသင်ပေးဖို့အတွက်ပဲဖြစ်တယ်လို့ အဓိပ္ပါယ်ရောက်တာပေါ့။

သည်လိုဆိုရင်ရဲ့ရှေ့ကစကားဟာ ဥပမာပြခဲ့တာတွေထဲက စကားမျိုးဖြစ်မယ်ဆိုရင် ဒီစာသင်တိုက်ကြီးတွေက ရည်ရွယ်ချက် လွဲနေလို့ ဗုဒ္ဓဘာသာတရားအရ လိုလားစရာမဟုတ်ဘူးပြောလို့ရတာပဲ။

ဥပမာ - ဆေးတက္ကသိုလ်တစ်ခုဟာ ဆေးပညာတွေသင်ကြားပေးလို့ တတ်ကြပေမဲ့ တတ်သူတွေဟာ ဆေးကုဖို့မဟုတ်ဘဲ ဆေးပညာသင်ကြားပေးတာလုပ်ဖို့ပဲဆိုရင် ဆေးပညာဟာ ရောဂါကုဖို့အတွက်ဖြစ်ရမှာမဖြစ်ဘဲ ဆေးပညာဟာ ဆေးပညာအတွက်သာဖြစ်တယ်ဆိုရင် ဆေးပညာရဲ့ရည်ရွယ်ချက်သဘောတရားအရ လိုလားစရာမဟုတ်တာဘဲ မဟုတ်လား။

ဒါပေမဲ့ ဒီဟောပြောချက်ကို ထုတ်ပြချက်က မပြည့်စုံတဲ့အတွက် ဒါကို တရှည်တလျားမဖြေတော့ပဲ ထားခဲ့မယ်။

၁၁။ ဒီအချက်က "လူသားလျောက်လှမ်းရမယ့် လမ်းဟူသည် ဘုရားသခင်၏အစေအပါးအဖြစ် ကိုယ့်ကိုယ်ကိုယ် ယစ်ပူဇော်ခြင်းမဟုတ်။ မိမိကို မိမိကပင် ဘုရားသခင်အဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်သည်" လို့ပဲ။

ဒီဟောပြောချက်က ဘုရားကိုးကွယ်တာဟာ ဘုရားထံကျွန်ခံဖို့မဟုတ်ဘဲ ဘုရားသိတဲ့အသိဖြစ်တဲ့ အရိယသစ္စာကိုသိသူ သပ္ပုရိသဖြစ်ဖို့ဟာ လူတွေလျှောက်ရမဲ့လမ်းလို့ ပြောခဲ့တာပဲ။

ဘုရားဆည်းကပ်တာ ဘုရားတရားရတဲ့ သပ္ပုရိသဖြစ်ဖို့ဟာအမှန်ပဲ။ အဲဒါကို နားစိမ်းသူက ဘုရားဖြစ်ဖို့လို့ဆိုတော့ နားမလည်စရာဖြစ်တာပေါ့။ သပ္ပုရိသဟာ သန္တောပုရိသပဲ။ ပုရိသဟာ ဆံနစ်ကရစ်ပ် လို ပုရုရှ ပဲ။ ပုရုရှ ဟာ ပုဂံခေတ်တုန်းက ဘုရားကိုခေါ်တဲ့ အခေါ်ပဲ။ အဲဒီအခေါ်ကပြောင်းပြီး ပုရှဖြစ်၊ အဲဒီကပြောင်းပြီး ပုရှားဖြစ်၊ အဲဒီအခေါ်ကပြောင်းပြီး ဖုရားဖြစ်၊ အဲဒီကပြောင်းပြီး ဘုရား ဖြစ်တာပဲ။ သန္တဆိုတာ အထင်အရှားလို့အဓိပ္ပါယ်ရှိတယ်။ သပ္ပုရိသဆိုတာ ထင်ရှားတဲ့ဘုရားလို့ ဆိုလိုတာကို ရေးသူကရေးထားတော့ စကားစိမ်းလို့ မဟုတ်ထင်ပြီး ထုတ်ပြသွားတာပါပဲ။ဒီဝါကျမျိုး ဘယ်သီတင်းသုံးဖော်က ရေးထားတာလဲပေါ့။ ဒါပေမဲ့ ရှင်းလိုက်ပါတယ်။

၁၂။ ဒီအချက်က "လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ပေါ်ထွန်းလာသောဗုဒ္ဓသည် မှားယွင်းသောကြောင့် မိစ္ဆာသမ္ဗုဒ္ဓ ဖြစ်သည်။ လက်ရှိပစ္စုပ္ပန်ဘဝတစ်ခုတည်း၌ ဉာဏ်ဖြင့်ဖောက်ထွင်းသိမြင်သောဗုဒ္ဓသာလျှင် သမ္မာသမ္ဗုဒ္ဓဖြစ်သည်။ ဘဝသံသရာဟူ၍မရှိ။ ပစ္စုပ္ပန်ဘဝတစ်ခုသာရှိသည်" လို့ပါပဲ။

ဒါလည်း ဘယ်သီတင်းသုံးဖော်ရဲ့စကားလည်း မသိပါဘူး။

ဒီစကားက ဘယ်မှာပြောတဲ့စကားလည်းဆိုတာ သိရဖို့လိုပါတယ်။ စကားက ခပ်တိုးတိုးခပ်လုံးလုံး ဖြစ်နေလို့ပါပဲ။ အဲဒါမဖြေနိုင်ရင်တော့ မိုးပြာဂိုဏ်းရဲ့ဟောဆိုချက်အတုလုပ်ထားတဲ့ ဖြန့်ဝေသူတွေရဲ့စကားဖြစ်မှာပဲ။

အဲဒီမှာ သမ္မာသမ္ဗုဒ္ဓနဲ့ မိစ္ဆာသမ္ဗုဒ္ဓလို့ သုံးထားတာကိုတွေ့ရတယ်။ အဓိပ္ပါယ်က သမ္မသမ္ဗုဒ္ဓဆိုတာ သမ္မာတရားဖြစ်တဲ့ အရိယမဂ္ဂတရားရှစ်ပါးကို ကိုယ်တိုင်ထိုးထွင်းသိသူပါပဲ။ မိစ္ဆာသမ္ဗုဒ္ဓဆိုတာကတော့ သင်္ခါရမြောက်တဲ့ကံတရားတွေကို ကိုယ်တိုင်ထိုးထွင်းသိသူလို့ပေါ့။

အဲဒီမှာ ဗုဒ္ဓဘုရားကတော့ သမ္မမဂ္ဂင်ရှစ်ပါးကို ဘယ်သူမှမဖေါ်နိုင်ရာက ဖေါ်ထုတ်နိုင်သူဖြစ်လို့ သမ္မာသမ္ဗုဒ္ဓဆိုတာ မှန်တာပဲ။

မိစ္ဆာသမ္ဗုဒ္ဓလို့ဆိုတာကတော့ မှန်မှာမဟုတ်ပါဘူး။ သမ္မာတရားထိုးထွင်းမသိကာမျှနဲ့ မိစ္ဆာသမ္ဗုဒ္ဓ မဖြစ်လို့ပါပဲ။ သင်္ခါရတရားတွေပဲ သိတာတော့သိတာပေါ့။ အဲဒီသိတာက သူများတွေသိပြီးတဲ့အတိုင်း သိတာပဲ။ ထိုးထွင်းပြီးသိတာလို့ ဆိုရတဲ့သူက ဖေါ်ထုတ်တာမဟုတ်လို့ပါပဲ။ သမ္ဗုဒ္ဓဆိုတာ ကိုယ်ကဖေါ်ထုတ်တာရဲ့အမည်ပဲ။ မိစ္ဆာတရားတွေကိုသိတာက ကိုယ်ကဖေါ်ထုတ်သိတာမဟုတ်တဲ့အတွက် မိစ္ဆာသမ္ဗုဒ္ဓလို့ မပြောနိုင်တာဘဲ။

ဒီလိုမပြောနိုင်ပေမဲ့ ပြောသူက ဗုဒ္ဓဘုရားရဲ့ လေးသင်္ချေမက ပါရမီဖြည့်ပြီးမှ သမ္မာတရားကို ကိုယ်တိုင်ဖေါ်ထုတ်နိုင်တယ် ဆိုတဲ့ ပြောဆိုချက်မမှန်ကန်ကြောင်း ပြောလိုချက်ပဲဖြစ်မယ်။ ဒါမှာ စကားလုံးမနိုင်နင်းတဲ့အတွက် မိစ္ဆာသမ္ဗုဒ္ဓလို့ ပြောမိခြင်းပဲ ဖြစ်မှာပဲ။

ဗုဒ္ဓဘုရားရဲ့ သမ္မာတရားတွေ့ရှိချက်ဟာ ဗုဒ္ဓဘုရားရဲ့ ဘုရားမဖြစ်မီ သိတတ်တဲ့အရွယ်နဲ့ ဘုရားဖြစ်တာအကြား လှုပ်ရှားချက်တွေနဲ့ မလုံလောက်စရာမရှိတာဘဲ။ အဲဒီအချက်တွေကို ကမ္မဝါဒဒဿနမျက်စိနဲ့ကြည့်ရင် သမ္မာတရားတွေ့ရှိဖို့က အထင်အလင်း တွေ့ရှိရတာပဲ။

ဗုဒ္ဓဘုရားဆည်းကပ်သူတွေဟာ ကမ္မဝါဒဒဿနပျောက်ပြီး အရူပဝါဒဒဿနရောက်နေတော့ ကိုယ့်ဆရာဗုဒ္ဓဘုရားကို မမြင်နိုင်ဖြစ်ပြီး မှုန်းဆယုံကြည်ရတာပဲ။ အဲဒီလိုဖြစ်တဲ့အခါ ကိုယ့်ဘုရားကို သေးငယ်မှုန်ဝါးနေတာလည်း မဖြစ်စေချင်ကြဘူး။

ကမ္မဝါဒ ဒဿနမမြင်တော့ ဘုရားရဲ့ ကမ္မဝါဒဒဿနနဲ့ လှုပ်ရှားဆောင်ရွက်ပြီးမြောက်သွားတာတွေလဲ မသိမြင်ကြဘူး။ ဒီတော့ ဘုရားကို စိတ်မှန်းတွေနဲ့ ဂုဏ်ပြုကြရတာပေါ့။

ဘုန်းတော်တွေက အနန္တ၊ ဉာဏ်တော်တွေလည်းအနန္တ၊ ကံတော်တွေလည်းအနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံသူလို့ပဲ။ အဲဒါတွေကို ဗုဒ္ဓဘုရားက ဘယ်ကရတာလဲ။ ဗုဒ္ဓဘုရားကျင့်စဉ်တွေထဲမှာလဲ အဲဒါရကြောင်းပြနိုင်လို့လား အမေးခံရစရာရှိတာဆိုတော့ လေးသင်္ချေပါရမီတွေကို အကူလုပ်ကြတော့တာပါပဲ။

အဲဒီမှာ ပါရမီဆိုတဲ့စကားကို ဘုရားကပြောခဲ့တဲ့ ဇဝံမေသုတံ နိဒါန်းခံထားတာတွေထဲမှာ တွေ့ရဖို့မလွယ်ဘူး။ နောက်နှောင်း ဗုဒ္ဓဘာသာတွေထဲက မဟာယာနတွေက ပါရမီဆိုတဲ့စကားလုံးကို အလျှံပယ်သုံးတာတွေ့ပြီး အားလုံးပဲသုံးဖို့အနေနဲ့ ဗုဒ္ဓဘုရားဟော ပါဠိဇာတ်တွေလဲ အတီတေတွေနဲ့နိဒါန်းခံပြီး ဗောဓိသတ္တော အမစ္စယောနိယံ နိဗ္ဗတ္တိ လို့ ဇာတ်အဖွင့်တွေ ပါဠိနဲ့ရေးပြီး ပါရမီစကားလုံးရဲ့ အရကောက်သရုပ်တွေ ထုတ်ကြတာပဲ။

ဒါတွေဟာ မြတ်စွာဘုရားရဲ့ကမ္မဝါဒဒဿနနဲ့ လားလားမျှမဆိုင်တဲ့ ကမ္မဝါဒဒဿနပျက်ဖို့အဖျက်ဓမ္မတွေပဲ။ ကမ္မဝါဒ ဒဿနမှာ အမှားမြင်နှစ်မျိုးလုံးကို ခိုင်ခိုင်မာမာဖြစ်အောင် ကျောက်တိုင်စိုက်သလိုစိုက်တာကို ဗုဒ္ဓဘုရားလုပ်ခဲ့တာပဲ။ အဲဒါက သဿတမိစ္ဆာဒိဋ္ဌိလို့ဆိုရတဲ့ လူ့အဖြစ်ကိုဘယ်ကလာခဲ့တယ်၊ ဒီလူ့အဖြစ်ပြီးရင် ဘယ်ကိုသွားမယ်ဆိုတဲ့ မှားယွင်းကြံဆချက်နဲ့ ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိ လို့ ဆိုရတဲ့ ဒီလူ့အဖြစ်ဟာ ဘယ်ကလာတာမဟုတ်ဘူး၊ ဒီလူ့အဖြစ်က ဘယ်ကိုမှသွားမှာလဲမဟုတ်ဘူးဆိုတဲ့ မှားယွင်းတဲ့ကြံဆချက်ပဲ။

အဲဒီလိုပဲ ဗုဒ္ဓဘုရားက မိစ္ဆာနှစ်ပါးကို ခိုင်ခိုင်မာမာပြောပြီး အဲဒီပြောသူဗုဒ္ဓဘုရားက ပြောသူဗုဒ္ဓဘုရားမဖြစ်မီ ဘဝအသင်္ချေမကတွေက ဗောဓိသတ္တော အမစ္စယောနိယံ ဒေဝယောနိယံ သုကရယောနိယံ သုနခယောနိယံ နိဗတ္တိ ဆိုပြီး အမတ်မျိုး နတ်မျိုး ဝက်မျိုး ခွေးမျိုး တွေမှာ ဖြစ်ခဲ့ရတယ်ဆိုတာမျိုး ပြောမှာလို့ အဖွင့်ဆရာက ထင်တယ်တဲ့လားပဲ မေးရမှာပဲ။

ဒီဟောပြောချက်မှာ ဘဝသံသရာမရှိ ပစ္စုပ္ပန်ဘဝသာရှိ လို့ပြောထားတယ်။ အဲဒီဟောချက်လဲ စကားလုံးအသုံးအနှုန်း နည်းနည်းလိုလို့ပဲ။ ဘဝသံသရာမရှိဆိုတာ အခုလူ့အဖြစ်ရဲ့ ရှေ့နောက်အဖြစ်တွေမရှိလို့ ပြောလိုတာဖြစ်ဟန်ရှိတယ်။ အဲဒီလိုကြံဆတာလဲ မှားယွင်းတဲ့မိစ္ဆာဆိုတာဖြစ်လို့ မကြံရမှာဖြစ်လျှက် ဒီလိုကြံဆပြောဆိုတာဟာ လူပေါ်မှာဖြစ်နေတဲ့ ဘဝသံသရာကလွဲတဲ့ ဘဝသံသရာကို လက်မခံကြောင်း ဆိုလိုတာပဲဖြစ်မယ်။

ပစ္စုပ္ပန်ဘဝသာရှိ လို့ ပြောတာလဲ စကားအသုံးအနှုန်းမပိရိတာပဲ။ ဘဝဆိုတာ လူပဲဆိုရင် လူအရှိထားတာဟာ ဝိစိကိစ္ဆာတရားတွေထဲက တစ်ပါးပဲ။ ဘဝဆိုတာ ဥပါဒါန်ကြောင့်ဖြစ်တဲ့ လူအပေါ်မှာတက်ပြီးဖြစ်နေတဲ့အဖြစ်ပဲ။ အဲဒီပစ္စုပ္ပန်ဘဝပဲရှိတာကို ပေါ်အောင်မဆိုနိုင်ဘဲ ဆိုထားချက်ပဲဖြစ်မယ်လို့ ဒီဟောပြောချက်ကို ဒီလောက်ပဲပြောလိုက်မယ်။

၁၃။ ဒီအချက်က "ဂေါတမဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်း၊ ရေဘုဉ်းပေးခြင်းကြောင့် ကိလေသာမကုန်သေး၊ လောဘတဏှာ ရှိသေးသည်" လို့ပဲ။

ဒီဟောပြောချက်က မိုးပြာဂိုဏ်းကဟောပြောချက်ဖြစ်ဖို့ မလွယ်ဘူး။ အဲဒါမျိုးပြောမယ့်သီတင်းသုံးဖော် မရှိလောက်ဘူး။

ဆွမ်းတို့ရေတို့ဆိုတာတွေဟာ လောဘတဏှာကိလေသာနဲ့ ကိလေသာဖြစ်ကြောင်းတွေမဟုတ်တာကို ကမ္မဝါဒဒဿန ပေါက်ရောက်နေသူတွေက သိကြပြီးလို့ပဲ။

ဗုဒ္ဓဘုရားဟာ ဆွမ်းတွေရေတွေ မှီဝဲနေပေမဲ့ မှီဝဲရခြင်းအကြောင်းတွေဆင်ခြင်ပြီး မှီဝဲတဲ့အလုပ်ဟာ ကမ္မဝါဒဒဿန အလုပ်လို့ ပြထားသူပဲ။ ပဋိသင်္ခါယောနိနဲ့ မှီဝဲသူဖြစ်တာ သိကြပြီးသားမို့ ဒီအပြောဟာ မိုးပြာဂိုဏ်းရဲ့အပြော မဟုတ်တာကို လွဲမှားပြီး မိုးပြာဂိုဏ်းအပြောလုပ်မိတာ ဖြစ်မှာပဲ။

ဒီအပြောမျိုးကို မန္တလေးခင်မကန်တိုက်ထဲမှာ အရှင်နာရဒဆရာတော်က ရဟန်းပရိသတ်၊ လူပရိသတ်ကို ညနေတိုင်း ဟောပြောတယ်လို့ ရှေးအခါက ကြားဘူးတာပဲ။

ကမ္မဝါဒဒဿနမသိလို့ ဒီလိုပြောတာပဲလို့ အဲဒီအချိန်ကပဲ မှတ်ချက်ချဘူးတယ်လို့ ဖြေကြားရမယ်။

၁၄။ ဒီအချက်က "ဗုဒ္ဓသည် မာန်နတ်မင်း၏သမီးသုံးယောက်ဖြင့် ပျော်ပါးစံစားရန် စိတ်ကူးမိကြောင်း ဖော်ပြထားသဖြင့် ကိလေသာမကုန်သေးဟု ဆိုရမည်" လို့ပဲ။

ဒီဟောပြောချက်လဲ မိုးပြာဂိုဏ်းရဲ့ဟောပြောချက်ဖြစ်ဖို့ မလွယ်ဘူး။ အကြောင်းကတော့ စိတ်ကူးမိကြောင်း ဖော်ပြထားသဖြင့် ကိလေသာမကုန်သေးဆိုရမည်လို့ ဆိုထားလို့ပဲ။ ဒီစာ ဘယ်ကရတယ်ဆိုတာ မေတ္တာတံခွန်က ပြနိုင်မှပဲဖြစ်မယ်။

မိုးပြာဂိုဏ်းက ကမ္မဝါဒဒဿနရှိသူတွေပဲ။ ဗုဒ္ဓဘုရားကို ကိလေသာနဲ့စပ်ပြီး အကြွင်းမဲ့မရှိကြောင်း အကြွင်းမဲ့သိသူတွေပဲ။ ခံစားပျော်ပါးရန်စိတ်ကူးမိကြောင်းဖော်ပြထားသဖြင့် ကိလေသာမကုန်သေးဟုဆိုရမည် ဆိုတဲ့ အသုံးအနှုန်းမျိုးဟာ ကမ္မဝါဒဒဿန ရှိသူတွေရဲ့ အသုံးအနှုန်းမဟုတ်လို့ပဲ။

မာရ်နတ်သမီးများနဲ့စပ်တဲ့အကြောင်းကို ကမ္မဝါဒဒဿနတစ်ဦးအနေနဲ့ ပြောဖူးတာရှိတယ်။ အဲဒါက ဘုရား ကိလေသာ

မကုန်တာဆီရောက်တဲ့အပြော မဟုတ်ဘူး။

ဗုဒ္ဓဘုရား အောင်ခဲ့တဲ့မာရ်တွေထဲက ဒေဝပုတ္တဆိုတာက ဗုဒ္ဓဘုရား တောမထွက်ခင်ကဖြစ်ခဲ့တဲ့ မင်းသားအဖြစ်ရဲ့ အမည်ပဲ။ လူ့စည်းစိမ်စွန့်ပြီး အမြတ်တရားရှာတာ အခု သစ်ပင်အောက်က မြက်ပုံမှာ နေရပြီမဟုတ်လား ဆိုတဲ့ စိတ်ကျတာကို အောင်တာဟာ ဒေဝပုတ္တမာရ်အောင်တာပဲလို့ နားလည်နေသူပဲ။

ဒါအောင်လို့ အသိဉာဏ်ဖြစ်ထွန်းပြီးချိန်မှာ ဆင်ခြင်ကြည့်တာကိုလုပ်မှာပဲ။ ဆင်ခြင်ပုံက တဏှာနှင့်တပ်နှစ်သက်စရာ အရွယ်ဝင်စအပျိုပေါက်ကလေးတွေနဲ့ ပျော်မွေ့ရမယ်ဆိုရင် ပျော်မွေ့ချင်သေးလား၊ ပျော်မွေ့ဖွယ်ရောက်ပြီဖြစ်တဲ့ အပျိုရွယ်ဖားဖားတွေနဲ့ ပျော်မွေ့တာမျိုးဖြစ်ရမယ်ဆိုရင် ဖြစ်ချင်သေးလား၊ တပ်စွဲစရာရာဂဖြစ်တဲ့ ကိုယ်ဝန်ရစသူနဲ့ ပျော်မွေ့တာကော ပျော်မွေ့ချင်သေးလား လို့ စိတ်ကူးဆင်ခြင် အတွေးဝင်မိတာမျိုးပဲ။ ဒါတွေဘာမှမရှိဘူးလို့ ဆင်ခြင်မိတာဟာ ဆင်ခြင်တာပဲ။

ပစ္စဝေက္ခဏာအသိဆိုတာ ပယ်ပြီးတဲ့ကိလေသာတွေကို ဒါတွေပယ်ပြီးပြီလို့ သိအောင်ဖော်ထုတ်ဆင်ခြင်တာရဲ့ နာမည်ပဲ။ ဒါကိုလဲ ကမ္မဝါဒဿနမရှိကြသူတွေက မာရ်နတ်က ဘုရားရဲ့ပလ္လင်လုတာမှာ ရှုံးမိုင်နေလို့ သူတို့အဖေဘက်က ကူပေးမယ်ဆိုပြီး တဏှာ ရတိ ရာဂါ ဆိုတဲ့ သမီးသုံးယောက်က ဘုရားကို သွားဖျားယောင်းကြတာလို့ သိနေကြတာပဲ၊

ဒီဟောပြောချက်အကြောင်း ဒီလောက်ပဲ အဖြေရေးလိုက်မယ်။

၁၅။ ဒီအချက်က "ပါဏာတိပါတသိက္ခာပုဒ်အရ လူ့အသက်သတ်မှ အပြစ်ရှိသည်။ တိရစ္ဆာန်အသက်သက်လျှင် ငရဲမကြီး။ အကြောင်းမူ အသားစားခြင်းကို ဗုဒ္ဓခွင့်ပြုထားသောကြောင့် အသက်သတ်ခြင်းခွင့်ပြုရာရောက်သည်" လို့ပဲ။

ဒါလဲ ဒီလိုတိတိကျကျဟောတာ ရှိကောင်းမှရှိမှာပဲ။ အဲဒီအဓိပ္ပါယ်မျိုးတော့ ရှိနိုင်တယ်။ ဒီအကြောင်း အမှတ် ၄ ဟောချက်အဖြေရေးစဉ်က ရေးပြီးပြီလို့ ပြောရမှာပဲ။ ဒီမှာ နည်းနည်းဖြည့်ပြောရမှာက ဝိနယမှာ အကောင်ပလောင်တွေကို သတ်တာကို ပညတ်ချက်ဟာ သစ်ပင်တွေဖျက်ဆီးတာမှာပညတ်တာနဲ့ အတူပဲပညတ်တာ တွေ့နိုင်တာပဲ။

လူတွေလိုက်နာဖို့ ပါဏာတိပါတသိက္ခာရဲ့အနက်က ရဟန်းတွေလိုက်နာရမဲ့သိက္ခာအနက်ထက် လွန်ရကြောင်းဘာမှမရှိတာပဲ။ ဒါကြောင့် အစားမှာ မတားတာကိုယ်တိုင်က ခွင့်ပြုသလိုဖြစ်တယ်လို့ ပြောဖို့ပေါ့။ စားတာဟာ သတ်တာအတွက် တိုက်တွန်း ချီးမွမ်း စိတ်တူ တာတွေထဲမှာ ပါဝင်နိုင်တာတွေပဲ မဟုတ်လား။

၁၆။ ဒီအချက်က "လူတစ်ဦးပိုင်ပစ္စည်းခိုးယူခြင်းသည်အပြစ်ရှိသည်။ အများပိုင်ပစ္စည်းခိုးယူလျှင် ပိုင်ရှင်ဖြစ်သူများမှာ ထိခိုက်မှုမရှိသောကြောင့် အပြစ်မရှိ" လို့ပဲ။

ဒီအချက်ဟာလဲ ဒီလိုတော့ရှိမှာမဟုတ်တာပဲ။ ဒါပေမဲ့ ဒီအဓိပ္ပါယ်တော့ရှိတယ်။ ဒါကို အမှတ် ၄ ဟောချက်အဖြေမှာ ဖြေခဲ့တဲ့အတိုင်းပဲ။ အများပိုင်ပစ္စည်းက နတ်ပိုင်ပစ္စည်းလို ပိုင်ရှင်ကို ပုဂ္ဂလမပြနိုင်လို့ပြောရတာပဲ။ နတ်ပစ္စည်းဖြစ်လို့ အပြစ်မရှိကြောင်း ပြောချက်ပဲ။

ဒီလိုခိုးယူမှုနှစ်မျိုးကို ခိုးယူကြသူတွေရဲ့စိတ်ဓါတ်နဲ့ သူတို့ကို လူတွေကရှုံ့ရှာကြတာတွေရဲ့ ခြားနားတာတွေ အထင်အရှား တွေ့နေရတာတွေ အများအပြားပဲလို့ ဖြေလိုက်မယ်။

၁၇။ ဒီဟောချက်က "ကာမပိုင်အမျိုးသမီးကို သဘောတူပျော်ပါးမှု၌အပြစ်မရှိ၊ ဆန္ဒကိုဖြည့်ပေးရာရောက်သောကြောင့် ကုသိုလ်ပင်ဖြစ်နိုင်သည်" လို့ပဲ။

ကမ္မဝါဒဿန မရှိကြသူတွေက အပြစ်နဲ့ အပြစ်မဟုတ်တာကို မသတ်မှတ်နိုင်ကြဘူး။ ကြားဘူးတာနဲ့မှတ်ကြတာပဲ။ ကိုယ့် မယားနဲ့ သဘောတူမေထုန်ကိုလဲ အဗြဟ္မစရိယလို့မှတ်ကြတယ်။ အဗြဟ္မစရိယဟာ ကာမေသုမိစ္ဆာစာရ မှပဲ။ မေထုန်ဆိုသမျှ အကုန်အပြစ်ရှိတယ်ဆိုရင် အရိယာ ဒကာဒကာမတွေ မေထုန်ရှိကြတာပဲ။ သူတို့အပြစ်တွေလုပ်ကြတာလား။ သမဏတွေ မေထုန်ရှောင်ရတာက သမဏအလုပ်နဲ့မကိုက်လို့ ရှောင်စေတာပဲ။ မေထုန်ဟာ လူ့ဆန္ဒပြည့်စေတာဖြစ်လို့ ကောင်းတယ်လို့ ပြောရမယ့်အရာဖြစ်တာကို ပြောသံကြားတာနဲ့အပြစ်သတ်မှတ်သူကလွဲရင် သိကြတာပဲ။ ဒါကို ဒီလောက်ပဲဖြေလိုက်မယ်။

၁၈။ ဒီဟောချက်က "မိမိတစ်ဦးတစ်ယောက်အကျိုးအတွက် လိမ်ပြောလျှင် အကုသိုလ်ဖြစ်သည်။ အများကောင်းကျိုး အတွက်လိမ်ပြောလျှင် အပြစ်မရှိ" လို့ပဲ။

ဒီဟောချက်ကလဲ အတိအကျတော့ ဒီလိုရှိချင်မှရှိမှာပဲ။ ဒါပေမဲ့ ကမ္မဝါဒဿန မရှိကြသူတွေဟာ အပြစ်ရဲ့အတိမ်အနက် မသိဘဲ သူများကအပြစ်ရှိတယ်ဆိုတာနဲ့ အပြစ်ဖြစ်တယ်မှတ်ယူသူတွေဆိုတော့ ဒီလိုနားလည်တာဖြစ်မှာပဲ။ ဒီအပြစ်အကြောင်း အမှတ် ၄ ဟောချက်ကပြောခဲ့တာနဲ့ လုံလောက်ပါတယ်။

လိမ်ပြစ်ဟာ ဝိနယမှာ နှစ်မျိုးပြတာပဲ။ ကိုယ့်သိက္ခာလိမ်ပြစ်နဲ့ တခြားလိမ်ပြစ်ပဲ။ တခြားလိမ်ပြစ်က ဆဲပြစ်လောက်ပဲဖြစ်တာ တွေ့ရမှာပဲ။ ဒီလိုခွဲပြမယ်ဆိုရင်တော့ ပြတာဖြစ်မှာပဲ။ အဓိပ္ပါယ်ကတော့ အများအကျိုးလိမ်တယ်လည်း ရချင်ရတာကြောင့် အဲဒီလိုနားလည်ပြီးပြောတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါလဲ ဒီလောက်ပဲပြောတော့မယ်။

### အမှန်သိလိုသူများ ဖတ်ရှုရန်အတွက်သာ

<u>နိဂုံး</u>

ဒီဟောချက်တွေဟာ ကမ္မဝါဒဒဿနနဲ့ပြောချက်တွေဖြစ်လို့ အပြစ်နဲ့အပြစ်မဟုတ်တာ ခွဲတာ ကမ္မဝါဒဒဿနရဲ့အရာပဲ။ ကမ္မဝါဒဒဿန သဘောမပေါက်သမျှ ကြုံလို့ ကြိုက်လို့ ကြားဘူးလို့ ကြံဆလို့ရချက်နဲ့တူလို့ အမြင်စိုက်လို့ရတာနဲ့တူလို့ နားလည်သလို ဖြစ်ကောင်းဖြစ်မယ်။ အဲဒီလိုမဟုတ်လို့ နားပါးမလည်တာလဲ ဖြစ်ကောင်းဖြစ်မယ်။

ဒီအဖြေစကားတွေပြောတာကတော့ တာဝန်အရပြောတာပဲ။ ဒါပြောရင်း အဓိကတိုက်တွန်းချင်တာက ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓဘုရားရဲ့ကမ္မဝါဒဒဿနကို နားလည်အောင်ကြိုးစားနိုင်သူများဖြစ်ကြဖို့ သတိပေးနှိုးဆော်ထားမှုကို နားလည်ပေးကြဖို့ပါပဲ။

ရှင်ဉာဏ
ဓမ္မဝိဟာရီ